# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၁၀၆)၊ ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်၊ ၉-၁၀-၂၀၂၅၊ ကြာသပတေးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများလာရောက်ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၈

၂၀၂၅ ခုနှစ် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းမှစတင်ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိသတ်မှတ်နေရာများတွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပလျက်ရှိသည်။

ယနေ့တွင် "မဟာဂီတ" တေးသီချင်းအဆိုပြိုင်ပွဲကို အမျိုးသားပြတိုက် (နေပြည်တော်) ရှိ Mini Theatre ၌ ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသမီးပြိုင်ပွဲတွင်** ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက

စာမျက်နှာ ၃ သို့❖



၂၀၂၅ ခုနှစ် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀) (အမျိုးသား) ဆိုင်းတစ်ဦးချင်းပြိုင်ပွဲကျင်းပစဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၈

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မြန်မာ့ပင်လယ်ပြင်မှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၆ ပေခန့် ရှိနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၅ ခုနှစ် ၊ အောက်တိုဘာ ၉ ရက်၊ ကြာသပတေးနေ့။

မန္တလေးနေ့စဉ်

## အချိန်ရှိခိုက် လုံ့လစိုက်၍ ကြိုးပမ်းအားထုတ်မှသာ တန်ဖိုးရှိသောဘဝကို ပိုင်ဆိုင်နိုင်မည်

လူသားတိုင်းပြုမူဆောင်ရွက်သင့်သည်များကို ပြောင်းလဲနေသော အချိန်နှင့်လိုက်ဖက်ညီစွာ ဆောင်ရွက်သင့်သည်။ အရာအားလုံးသည်လည်း အချိန်တိုင်းတွင်ပြောင်းလဲနေလေ့ရှိသည်။ ထို့ကြောင့် လူသားတိုင်း တန်းတူရရှိထားသည့် အဖိုးတန်သော အချိန်ကို မဖြုန်းတီးဘဲ အကျိုးရှိစွာ အသုံးချသင့်သည်။ ရရှိထားသည့်အချိန်ကို ခွဲခြားပိုင်းဖြတ်ပြီး အလုပ်လုပ်တတ်လျှင် တိုးတက်မှုအကျိုးကို ခံစားရမည်ဖြစ်သည်။

ထို့ပြင် လူတို့၏ဘဝသည်လည်း အချိန်နှင့်တစ်ပြေးညီ ဖြတ်သန်းရှင်သန်နေရသည်။ လုပ်သင့်သောအချိန်တွင် မလုပ်မိပါက အဆုံးအရှုံးများနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ ကုန်လွန်သွားသော အချိန်ကိုပြန်လည်၍ အစားထိုးမရနိုင်ပါ။ ထို့ကြောင့် တိုးတက်ကြီးပွားလိုသူတိုင်း၊ ပညာရှာဖွေလိုသူတိုင်း၊ တရားဘာဝနာ ရှာဖွေလိုသူတိုင်း အချိန်ကို စနစ်တကျအသုံးချသင့်ပါသည်။

လူ့ဘဝသည် ရခဲလှပြီး တန်ဖိုးရှိသည်။ လူ့ဘဝသည်သာ အရာရာကို ဆောင်ရွက်နိုင်မည်သာဖြစ်သည်။ အရာရာကိုလည်း ဖန်တီးနိုင်မည်ဖြစ်သည်။ အမှုကိစ္စဟူသမျှတို့ကို ပြုလုပ်နိုင်မည်ဖြစ်သည်။ အများအကျိုး၊ တိုင်းပြည်အကျိုး ဆောင်ရွက်နိုင်မည်ဖြစ်သည်။ လူသားတိုင်း ပြုမူဆောင်ရွက်သင့်သည်များကို ပြောင်းလဲနေသောအချိန်နှင့် လိုက်ဖက်ညီစွာ လုံ့လစိုက်ထုတ်ကာ ဆောင်ရွက်သင့်သည်။ အရာအားလုံးသည်လည်း အချိန်တိုင်းတွင် ပြောင်းလဲနေလေ့ရှိသည်။ ထို့ကြောင့် လူသားတိုင်း တန်းတူရရှိထားသည့် အဖိုးတန်သောအချိန်ကို မဖြုန်းတီးဘဲ အကျိုးရှိစွာ အသုံးချသင့်သည်။ အချိန်ရှိခိုက် လုံ့လစိုက်၍ ကြိုးပမ်းအားထုတ်မှသာ တန်ဖိုးရှိသောဘဝကို ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။

လူသားတိုင်း တန်းတူရရှိထားသည့်အချိန်ကို အကျိုးရှိစွာ အသုံးချကြရာတွင် စာဖတ်ခြင်းအလုပ်ကိုလည်း ထည့်သွင်းစဉ်းစားသင့်ပါသည်။ လူတိုင်း စာဖတ်ဝါသနာပါဖို့အတွက် ပြုစုပျိုးထောင်သင့်သည်။ ဖတ်ပါ၊ မှတ်ပါ၊ လေ့လာပါဟူသော စကားသုံးခွန်းသည် ပညာဗဟုသုတ ရှာဖွေလိုသူတိုင်းအတွက် တိုက်တွန်းထားသော စကားဖြစ်သည်။ တိုးတက်လိုသူတိုင်း စာဖတ်ကြသည်။ စာဖတ်သူတိုင်းတိုးတက်ကြသည်။ ဖတ်ထားသည့်စာတိုင်းကိုလည်း မှတ်သားထားရမည်။ အလွတ်ကျက်သင့်သော စာတိုပေစများကို အလွတ်ကျက်မှတ်ထားသင့်သည်။ အသိဉာဏ်ဗဟုသုတ ကြွယ်ဝရန်မှာ စာပေဖတ်ရှုခြင်းသာဖြစ်ပေသည်။ ဖတ်နိုင်မှ မှတ်နိုင်မည်၊ မှတ်နိုင်မှ လေ့လာနိုင်မည်။ ဤသုံးခုသည် စက်ဝိုင်းတစ်ခုကဲ့သို့ လည်ပတ်နေသည်။ ကမ္ဘာ့နိုင်ငံအများအပြားကို လေ့လာကြည့်မည်ဆိုပါက စာဖတ်သူများများရှိသော နိုင်ငံသည် တိုးတက်သည်။

ထို့ပြင် ပညာဗဟုသုတအတွက် စာဖတ်ခြင်းအလေ့အထသည် အလွန့်အလွန် အသုံးဝင်သည်။ စာပေဖတ်မှတ်လေ့လာမှသာ မိမိအတွက် ပညာရရှိမည်ဖြစ်သည်။ ပညာသည်လူ၏ ဉာဏ်ကိုသာ ပြုပြင်တိုးချဲ့ရုံသည်မဟုတ်။ လူ၏စိတ်နေစိတ်ထား၊ အယူအဆများကိုလည်း တိုးတက်စေသည်။ လူ၏ဆန္ဒအား၊ လုပ်အားကို ပိုမိုတိုးတက်စေသည်။ သိမ်မွေ့စေသည်။ လိမ္မာယဉ်ကျေးစေမည်ဖြစ်သည်။

သို့ဖြစ်ရာ အချိန်ရှိခိုက်လုံ့လစိုက်၍ ကြိုးပမ်းအားထုတ်မှသာ တန်ဖိုးရှိသောဘဝကို ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။ တန်ဖိုးရှိသောဘဝကို ဖြတ်သန်းနေချိန်တွင် ရရှိထားသည့် အချိန်အကန့်အသတ်ပေါ်မူတည်၍ စာပေဖတ်ရှုလေ့လာဖို့လည်း လိုအပ်မည်ဖြစ်သည်။ လူတိုင်းလူတိုင်း တန်ဖိုးရှိသောဘဝကို မိမိအတွက်၊ မိမိအသိုက်အဝန်းအတွက်၊ မိမိနိုင်ငံအတွက် ။။ကောင်းအောင် လုံ့လစိုက်မှသာ မျှော်မှန်းသည့်အတိုင်း ဖြစ်လာနိုင်မည်ဖြစ်ပြီး အဓိကမှာ လုပ်ချင်ကိုင်ချင်သော ပြင်းပြသည့်စိတ်ဆန္ဒရှိဖို့သာ လိုအပ်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ၂၀၂၅ ခုနှစ်၊ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှု လက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊

၂။ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့် စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှု စိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊

၃။ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်း အမွေပေးအပ်နိုင်ရေး၊

၄။ နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ကျောက်ဆည်မြို့နယ် ကျီးအိပ်ကျေးရွာတွင် စိုက်ပျိုးထားသော ငရုတ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ကျောက်ဆည် အောက်တိုဘာ ၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် သီးနှံမျိုးစုံ စိုက်ပျိုးထားရာ ကျီးအိပ်ကျေးရွာမှ တောင်သူ ဦးဆန်းဝင်း စိုက်ပျိုးထားသော ငရုတ်သီးနှံ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်တွင် တိုက်နယ် (၁၂)ခုရှိပြီး ကျီးအိပ်ကျေးရွာသည် တိုက်နယ် (၁)တွင် ပါဝင်ပြီး ငရုတ်သီးနှံ ဧက ၆၀ စိုက်ပျိုးထားကြောင်း၊ အခြားတိုက်နယ်ဝင် ကျေးရွာအုပ်စုများဖြစ်သည့် ပန်ခွာကျေးရွာအုပ်စု၌ ၅၉ ဧက၊ ကျီးပြကျေးရွာအုပ်စု၌ ၅၂ ဧက၊ သင်ပို့ကျေးရွာအုပ်စု၌ ဧက ၅၀၊ ဒွေးလှကျေးရွာအုပ်စု၌ ဧက ၅၀၊ ငါးဆူကျေးရွာအုပ်စု၌ ဧက ၄၀၊ ရှားပင်ကျေးရွာအုပ်စု၌ ဧက ၃၀ အသီးသီးစိုက်ပျိုးထားကြောင်း မြို့နယ်မြေစာရင်း ဦးစီးဌာနမှ သိရသည်။

ကျောက်ဆည်မြို့နယ်၌ ငရုတ်သီးနှံများကို တော်သတင်းလလယ်လောက်မှ စတင်ပြီး တပို့တွဲလကုန်အထိ တောင်သူအများစုစိုက်ပျိုးကြပြီး နေရာဒေသနှင့် မြေအမျိုးအစားအလိုက် အခြောက်စိုက်ပျိုးခြင်း(မြေပြင်ထားသည့်မြေကွက်၌ ပေါက်ပြားများဖြင့်ကျင်းဖော်၍ ရေလောင်းစိုက်ပျိုးခြင်း)၊ အစိုစိုက်ပျိုးခြင်း (မြေပြင်ထားသည့်မြေကွက်၌ မြေပေါင်များပြုလုပ်၍ ရေသွင်း၍စိုက်ပျိုးခြင်း)၊ စိုက်ပျိုးနည်းစနစ်၊ ရာသီဥတုနှင့် အပင်အပြုအစုအပေါ်မူတည်၍ ငရုတ် တစ်ဧကတွင် နေလှန်းပြီး ငရုတ်သီးအခြောက်တင်း ၃၀၀ မှ ၅၀၀ အထိရရှိကြောင်း၊ ယခုအခါ ငရုတ်စိုက်တောင်သူအချို့သည် ကုန်ကျစရိတ်သက်သာစေရန်နှင့် ဝင်ငွေအစောရရှိစေရန်အတွက် ငရုတ်သီးခြောက်အဆင့်အထိ မပြုလုပ်ကြဘဲ ငရုတ်သီးအစိမ်းများခူးဆွတ်၍ ကုန်စိမ်းပွဲရုံများ၌ ရောင်းချမှုများ ပြုလုပ်ကြကြောင်း ငရုတ်စိုက်တောင်သူများက ပြောသည်။

**သက်မောင်(ကျောက်ဆည်)**

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ




**မန္တလေး အောက်တိုဘာ ၈**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ ၆၉ လမ်း၊ ၃၆ လမ်းထောင့်၊ ဝန်ထမ်းအိမ်ရာအနီးနှင့် ချမ်းမြသာစည်မြို့နယ်၊ ၆၁လမ်းနှင့် ၁၀၈လမ်းထောင့်၊ မြို့သစ်(၃)ရပ်ကွက်၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာနအနီးတို့တွင် ရောင်းချပေးခဲ့သည်။ **(အပေါ်ပုံ)**

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို အောက်တိုဘာ ၉ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ ၅၅ လမ်းနှင့် ၁၂၀ လမ်းထောင့်တွင်လည်းကောင်း၊ အောက်တိုဘာ ၁၀ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံ့ရပ်ကွက်၊ ၂၇ လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် အမရပူရမြို့နယ်၊ ဈေးချိုရပ်ကွက်၊ ထန်းတပင်ရပ်၊ လမ်းငါးခွ၊ စစ်ကိုင်း-မန္တလေးလမ်းအရှေ့ဘက်တို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့.စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှုန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)







၂၀၂၅ ခုနှစ် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်) ခေတ်ဟောင်း/ ကာလပေါ် (အမျိုးသား) အဆိုပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ မောင်စည်သူမင်းထက် ယှဉ်ပြိုင်မှုကို တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်။

❖ ရှေ့ဖုံးမှ

"ဆင့်ရရင့် ငယ်လေး (ပတ်ပျိုး)" သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက **"ဇမ္ဗူရောင်ကွန့်(ဘွဲ့)"** သီချင်းဖြင့် လည်းကောင်း သီဆိုယှဉ်ပြိုင်ကြသည်။

**"ခေတ်ဟောင်း/ ကာလပေါ်" တေးသီချင်း အဆိုပြိုင်ပွဲကို** အမျိုးသား စာကြည့်တိုက် (နေပြည်တော်) ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ **အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် တနင်္သာရီ တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **"အတုအယောင်"** **သီချင်းဖြင့်** လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲတွင်** ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက **"ကောက်ရိတ်ချိန်" သီချင်းဖြင့်** လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင်** ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **"မမေ့သောအညာ"**

စာမျက်နှာ ၄ သို့ ❖



အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀) မဟာဂီတ (အမျိုးသမီး) အဆိုပြိုင်ပွဲတွင် ကယားပြည်နယ်မှ မထက်အိမ္ဗြေလင်း (ခ)စံနမ္မ ယှဉ်ပြိုင်စဉ်။




အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀) (အမျိုးသမီး) အကပြိုင်ပွဲတွင် ချင်းပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။



အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀) ခေတ်ဟောင်း/ ကာလပေါ် (အမျိုးသား) အဆိုပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မောင်သိန်းထက်ဇော် ယှဉ်ပြိုင်စဉ်။

❖ စာမျက်နှာ ၃ မှ

သီချင်းဖြင့်လည်းကောင်း သီဆိုယှဉ်ပြိုင်ကြသည်။

ထို့ပြင် **အကပြိုင်ပွဲ**ကို ဆင်ဖြူရှင်ခန်းမ၌ ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသမီး**ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသား**ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊မွန်ပြည်နယ်၊တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီး**ပြိုင်ပွဲတွင် ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း ကကြိုးကကွက် စုံလင်စွာဖြင့် ယှဉ်ပြိုင်ကြသည်။

ထို့အတူ **ဒုံမင်းအတီးပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ **အဆင့်မြင့်ပညာအဆင့် အမျိုးသား**ပြိုင်ပွဲတွင် ရခိုင်ပြည်နယ်၊မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **"မြိုင်ကြီးဟောမာ (ယိုးဒယား)"** သီချင်းဖြင့် လည်းကောင်း၊**အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅နှစ်အတွင်း) အမျိုးသမီး**ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **"မဟာဇနက(ကာလပေါ်)"** သီချင်းဖြင့် လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသား**ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **"မြိုင်ဟောမာ (ယိုးဒယား)"** သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသမီး**ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီ တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **"မြိုင်ကြီးဟောမာ (ယိုးဒယား)"** သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသား**ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **"အနန္တငါးဖြာ(ကာလပေါ်)"** သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသမီး**ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **"ဆန်းဆန်းသန္တာကြာညောင်(ယိုးဒယား)"** သီချင်းဖြင့်လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။




အဆင့်မြင့်ပညာအဆင့် (အမျိုးသား)အကပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။




အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀) (အမျိုးသမီး) အကပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။



အဆင့်မြင့်ပညာအဆင့် (အမျိုးသား) ဒုံမင်းအတီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ မောင်သာတိုးအောင် ယှဉ်ပြိုင်စဉ်။


အလားတူ **တယောအတီးပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသား**ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **"နှစ်ကိုယ်သစ္စာ(ပတ်ပျိုး)"** သီချင်းဖြင့် လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသား**ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊မန္တလေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက **"မြိုင်ကြီးဟောမာ (ယိုးဒယား)"** သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသမီး**ပြိုင်ပွဲတွင် ကယားပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **"မြိုင်ကြီးဟောမာ(ယိုးဒယား)"** သီချင်းဖြင့်လည်းကောင်း သာယာပြေပြစ်ညောင်းစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

ထို့အတူ **ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲ**ကို ပုဗ္ဗသီရိခန်းမ၌ ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသား**ပြိုင်ပွဲတွင် ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊စစ်ကိုင်းတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **"ယမုံနာ(ပတ်ပျိုး)"** သီချင်းဖြင့် လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသမီး**ပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီး၊

စာမျက်နှာ ၅ သို့ ❖



အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀) မဟာဂီတ (အမျိုးသမီး) အဆိုပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မမာသ ယှဉ်ပြိုင်စဉ်။




အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀) (အမျိုးသမီး) ဆိုင်းတစ်ဦးချင်းပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။



အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်) (အမျိုးသမီး) ဆိုင်းတစ်ဦးချင်းပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။

# ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့ ၂၀၂၅ ခုနှစ် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ ကျင်းပနေမှု သွားရောက်လေ့လာ

နေပြည်တော် အောက်တိုဘာ ၈

မြန်မာ-ဘယ်လာရုစ်နှစ်နိုင်ငံ ချစ်ကြည်ရေး တိုးမြှင့်နိုင်ရန်အတွက် မြန်မာနိုင်ငံ၌ ရောက်ရှိနေသည့် ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့သည် ယနေ့တွင် ၂၀၂၅ ခုနှစ် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲကျင်းပနေမှုကို သွားရောက်ကြည့်ရှုလေ့လာကြသည်။



ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့ (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ ကျင်းပနေမှုကို သွားရောက်ကြည့်ရှုလေ့လာကြစဉ်။



ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် ကြည်ညိုလေ့လာကြစဉ်။

ဦးစွာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ပြိုင်ပွဲဝင်များ၏ ဒုံမင်းအတီးပြိုင်ပွဲ တီးခတ်ယှဉ်ပြိုင်နေမှုကို လည်းကောင်း၊ အမျိုးသားပြတိုက်၌ "မဟာဂီတ" တေးသီချင်း အဆိုပြိုင်ပွဲ သီဆိုယှဉ်ပြိုင်နေမှုကိုလည်းကောင်း ကြည့်ရှုအားပေးကြပြီး မြန်မာ့ရိုးရာ တူရိယာများ သရုပ်ပြတီးခတ်ပြသမှုကို စိတ်ဝင်တစားကြည့်ရှုလေ့လာကြသည်။

ညနေပိုင်းတွင် ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့သည် အကပြိုင်ပွဲနှင့် ဆိုင်းအတီးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတို့ကို သွားရောက်ကြည်ညိုလေ့လာကြသည်။

အဆိုပါ ဖျော်ဖြေရေးအဖွဲ့သည် မန္တလေးမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ဖျော်ဖြေရေးအစီအစဉ်များ ဆောင်ရွက်ခဲ့ကြပြီး ရန်ကုန်မြို့နှင့် နေပြည်တော်တို့တွင် မြန်မာ-ရုရှား-ဘယ်လာရုစ် သုံးနိုင်ငံ ဖျော်ဖြေပွဲ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီးဦးမောင်မောင်အုန်း ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့အား လက်ခံတွေ့ဆုံ

## မြန်မာ-ရုရှား-ဘယ်လာရုစ် သုံးနိုင်ငံ ပူးပေါင်း၍ ဂီတဖျော်ဖြေပွဲကို ရန်ကုန်မြို့နှင့် နေပြည်တော်တို့၌ ဆက်လက်ကျင်းပမည်

နေပြည်တော် အောက်တိုဘာ ၈

မြန်မာ-ဘယ်လာရုစ်နှစ်နိုင်ငံ ချစ်ကြည်ရေး တိုးမြှင့်နိုင်ရန်အတွက် မြန်မာနိုင်ငံ၌ ရောက်ရှိနေသော ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့ ခေါင်းဆောင် တေးဂီတ ပညာရှင်နှင့် တေးရေး/တေးဆို Mr. Vladimir Sukolinsky ဦးဆောင်သည့် အဖွဲ့နှင့် ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Alexander Ostrovsky တို့သည် ယနေ့နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် GTLကုမ္ပဏီမှဒေါက်တာစိန်ထူးတို့ တက်ရောက်ကြသည်။

### ရင်းနှီးမှုတိုးမြှင့်ရရှိ

ထိုသို့ တွေ့ဆုံစဉ်ပြည်ထောင်စုဝန်ကြီးက ဘယ်လာရုစ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် မိတ်ဆွေကောင်းနိုင်ငံဖြစ်ပြီး နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုရှိပြီးဖြစ်၍ ယခုကဲ့သို့ ဂီတဖျော်ဖြေပွဲများ ပြုလုပ်ခြင်းဖြင့် နှစ်နိုင်ငံပြည်သူများအကြား ပေါင်းကူးတံတားသဖွယ် ရင်းနှီးမှုကို တိုးမြှင့်ရရှိမည်ဟု ယုံကြည်ပါကြောင်း၊ ယခုလာရောက်ဖျော်ဖြေပေးသည့်အဖွဲ့၏တင်ဆက်မှုကို MRTV သတင်းများတွင် ပြည့်စုံစွာ ထည့်သွင်းထုတ်လွှင့်ပြီး အကျယ်တဝင့် ဖော်ပြပေးလျက်ရှိပါကြောင်း၊ မြန်မာ - ရုရှား- ဘယ်လာရုစ် သုံးနိုင်ငံ ပူးပေါင်း၍ ဂီတဖျော်ဖြေပွဲကို ရန်ကုန်မြို့နှင့် နေပြည်တော်တို့၌ ဆက်လက် ကျင်းပ ပြုလုပ်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ရုရှား-မြန်မာ ချစ်ကြည်ရေး အသင်း ဒုတိယဥက္ကဋ္ဌ Mr. Alexander Ostrovsky နှင့် ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေရေး အဖွဲ့ခေါင်းဆောင် တေးဂီတ ပညာရှင်နှင့် တေးရေး/တေးဆို Mr. Vladimir Sukolinsky တို့က မြန်မာနိုင်ငံသည် ကိုယ်ပိုင် ယဉ်ကျေးမှုရှိပြီး နိုင်ငံသူ နိုင်ငံသားများက ယဉ်ကျေးပျူငှာ ဖော်ရွေမှုရှိကာ ယခုကဲ့သို့ ဂီတဖျော်ဖြေပွဲများ ပြုလုပ်ခွင့်ရရှိသဖြင့် နှစ်နိုင်ငံပြည်သူများ အကြား ပေါင်းကူးတံတားသဖွယ် ဆောင်ရွက်ခွင့် ရရှိသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။



အဆိုပါ ဖျော်ဖြေရေးအဖွဲ့သည် မန္တလေးနှင့် ပြင်ဦးလွင်တို့၌ ဖျော်ဖြေခဲ့ကြပြီး ဖြစ်ကြောင်းနှင့် ရန်ကုန်နှင့် နေပြည်တော်တို့တွင် မြန်မာ - ရုရှား - ဘယ်လာရုစ် သုံးနိုင်ငံ ဖျော်ဖြေပွဲ ဆက်လက် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



အဆင့်မြင့်ပညာအဆင့် (အမျိုးသား) ဒုံမင်းအတီးပြိုင်ပွဲ ကျင်းပစဉ်။

❖ စာမျက်နှာ ၄ မှ

မန္တလေး တိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မင်းလမ်းစပ်ကာ (ကြိုး) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီး ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "စိမ်းလဲ့လဲ့ညိုပြာ (ကြိုး)" သီချင်းဖြင့် လည်းကောင်း မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ယှဉ်ပြိုင်ကြသည်။

ယနေ့ပြိုင်ပွဲ ဒုတိယနေ့၌ သတ်မှတ်နေရာများတွင် ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်နေမှုများကို ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် မြန်မာနိုင်ငံတွင် ရောက်ရှိနေသည့် ဘယ်လာရုစ် တေးဂီတအဖွဲ့တို့က လာရောက်ကြည့်ရှု အားပေးကြသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ ကျင်းပရာတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ ရိုးရာအကများကို မဲနှိုက်ရွေးချယ်၍ ယှဉ်ပြိုင်ရသည့် အစီအစဉ်ကို နှစ်စဉ်ထည့်သွင်း ကျင်းပလေ့ရှိပြီး ယခုနှစ်တွင် တနင်္သာရီတိုင်းဒေသကြီး၏ ထားဝယ်ရိုးရာ "ယန်းအက" ကို ပြိုင်ပွဲ တတိယနေ့တွင် ပြိုင်ပွဲဝင်များက ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ယှဉ်ပြိုင်ကြရမည် ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်

ရက် ၁၀

သာ လိုတော့သည်။

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

မဲစာရင်းများကို ၃၀-၉-၂၀၂၅ ရက်နေ့မှ ၁၃-၁၀-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ပထမအကြိမ် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ(၃) ဖြင့် တောင်းဆိုပါ။ အမည်နှင့်အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များပြင်ဆင်ရန်ရှိပါက ပုံစံ(၄-က) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ(၁၅)များကို မိမိတို့ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ ၁၂-၁၀-၂၀၂၅ ရက်နေ့ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

# ကျောက်မဲမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စတင်ဖွင့်လှစ်၊ ကျောင်းအပ်ဆက်လက်လက်ခံ၊ ကျောက်မဲမြို့ ယာယီဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၈

တပ်မတော်က ပြည်သူလူထု အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter- Terrorism Operation)အား တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) ရှိ ကျောက်မဲမြို့အား အလုံးစုံပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်သားများ ပူးပေါင်း၍ ဒေသခံပြည်သူလူထု လုံခြုံရေးနှင့် လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရေး၊ အစိုးရ၏ အုပ်ချုပ်မှုယန္တရားများဖြစ်သည့် ရုံးများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးအတွက် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး၊ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေး စသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။



ကျောက်မဲမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပြန်လည်ဖွင့်လှစ်လျက်ရှိသည်ကို တွေ့ရစဉ်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကျောက်မဲမြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအား စတင်ဖွင့်လှစ်ခဲ့ပြီး ကျောင်းသားကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားလျက်ရှိကြောင်းနှင့် ကျောင်းအပ်လက်ခံခြင်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာ ကျောင်းလာရောက်အပ်နှံမှုအနေဖြင့် ကျောင်းသား ကျောင်းသူ ၈၃၆ ဦး ထပ်မံကျောင်းအပ်နှံခဲ့ပြီး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၀၄၂ ဦး ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။ အဆိုပါ ထပ်မံကျောင်းအပ်နှံသည့် ကျောင်းသား ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်းပေးအပ်ကြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ဆောင်ရွက်ပေးကြသည်။

ထို့ပြင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ကျောက်မဲမြို့သို့ ပြန်လည်ဝင်ရောက်လာသည့် ဒေသခံပြည်သူများအား အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးသည်။ ယင်းအပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောက်မဲမြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူသွားလာနေထိုင်လျက်ရှိသည့် နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများ ပူးပေါင်း၍ ကျောက်မဲမြို့ လာဘမုနိတရုတ်ဘုံကျောင်း၌ ယာယီဆေးရုံဖွင့်လှစ်ကာ ဆေးကုသပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၁၀၅ ဦးနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သောလူနာ နှစ်ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



ကျောက်မဲမြို့ လာဘမုနိတရုတ်ဘုံကျောင်း၌ ယာယီဆေးရုံဖွင့်လှစ်ကာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရစဉ်။



ကျောက်မဲမြို့သို့ ပြန်လည်ဝင်ရောက်လာသည့် ဒေသခံပြည်သူများအား အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးစဉ်။

# "နိုင်ငံသားအခွင့်အရေးမဆုံးရှုံးဖို့ မဲပေးကြစို့" ရွေးကောက်ပွဲနှိုးဆော်အသိပညာပေးဆိုင်ရာ မြေစိုက်ပိုစတာစိုက်ထူဖွင့်လှစ်ပွဲ အခမ်းအနား ကျင်းပ

**မန္တလေး အောက်တိုဘာ ၈**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ပြည်သူများ မိမိတို့၏ဆန္ဒမဲပေးပိုင်ခွင့်များ ဆုံးရှုံးမှုမရှိစေရေးအတွက် ရွေးကောက်ပွဲနှိုးဆော်အသိပညာပေးဆိုင်ရာ မြေစိုက်ပိုစတာစိုက်ထူဖွင့်လှစ်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မဟာအောင်မြေခရိုင်၊ ချမ်းအေးသာစံမြို့နယ်၊ ၇၈လမ်းနှင့် လမ်း ၃၀ ထောင့်တွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရွေးကောက်ပွဲနှိုးဆော်အသိပညာပေးဆိုင်ရာ မြေစိုက်ပိုစတာအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးပြီးနောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများရိုက်ကာ ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအဖွဲ့အား ဂုဏ်ပြုငွေများချီးမြှင့်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ-ဝ-ဝ-ဝ






# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန်းအောင်ဆွေလင်း ဘော်လီဘောကလပ်ကွင်းသစ်ဖွင့်ပွဲနှင့် အဆင့်မြင့်အလွတ်တန်းဖိတ်ခေါ် အမျိုးသားဘော်လီဘောပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်

**မန္တလေး အောက်တိုဘာ ၈**

မန္တလေးတိုင်းဒေသကြီး ဘော်လီဘောအားကစားဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ ဘော်လီဘောလေ့ကျင့်ရေးကွင်း မန်းအောင်ဆွေလင်း ဘော်လီဘောကလပ်ကွင်းသစ်ဖွင့်ပွဲနှင့် အဆင့်မြင့်အလွတ်တန်းဖိတ်ခေါ် အမျိုးသားဘော်လီဘောပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက အောင်မြေသာစံမြို့နယ်၊ ၁၄လမ်း၊ ၈၇လမ်းနှင့် ၈၈လမ်းကြားရှိ မန်းအောင်ဆွေလင်း ဘော်လီဘောကလပ်တွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ဦးစီးမှူး၊ ဘော်လီဘော မြန်မာ့လက်ရွေးစင် ကစားသမားဟောင်းကြီးများ၊ အုပ်ချုပ်သူ၊ နည်းပြများ၊ ပြိုင်ပွဲဝင်အသင်းများ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ဘော်လီဘောအားကစားနည်းသည် နေရာဒေသမရွေး ကစားနိုင်ပြီး အဖွဲ့လိုက်ကစားရသည့် အားကစားနည်းတစ်ခုဖြစ်ပါကြောင်း၊ ဘောလုံးအားကစားပြီးပါက ဒုတိယလူကြိုက်များသည့် အားကစားလည်းဖြစ်ပါကြောင်း၊ ပြိုင်ပွဲများကို ကျင်းပပေးခြင်းဖြင့် ထူးချွန်ထက်မြက်သော နိုင်ငံ့ဂုဏ်ဆောင် ရွက်ပုံးသီး ဘော်လီဘောအားကစားမျိုးဆက်သစ်များပေါ်ထွက်လာမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်များရွတ်ဆိုကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့က ပြိုင်ပွဲဝင်အားကစားအသင်းအလိုက် လိုက်လံနှုတ်ဆက်၍ ပွဲဦးထွက် ကလပ်အသင်းနှစ်သင်း ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ-ဝ-ဝ







# ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာ ၁း၃ အချိုးကျရောစပ်ကြဲပက်ခြင်း ကွင်းသရုပ်ပြသ

**တံတားဦး အောက်တိုဘာ ၈**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ်၊ သူငယ်တော်ကျေးရွာတွင် မိုးစပါးပန်းတိုင်အထွက်နှုန်း ရရှိရေး ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာ ၁း၃ အချိုးကျရောစပ်ကြဲပက်ခြင်း ကွင်းသရုပ်ပြသခြင်းကို ယနေ့နံနက် ၈ နာရီက သူငယ်တော်ကျေးရွာ ကွင်းအမှတ်(၁၃၃၆)၊ ဦးပိုင်အမှတ်(၆၃က/ခ) တောင်သူ ဦးကျော်လွင်၏ လယ်မြေသုံးဧကတွင် ဆောင်ရွက်ကြသည်။

အဆိုပါကွင်းသရုပ်ပြပွဲတွင် တံတားဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကနေဒီထွန်းက တောင်သူများအား ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာများ အချိုးကျကြဲပက်ခြင်းနှင့် ပတ်သက်၍ အသိပညာပေးဆွေးနွေးခြင်း၊ ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာ ၁း၃ အချိုးကျရောစပ် ကြဲပတ်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများအကြောင်းကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ကွင်းသရုပ်ပြပွဲသို့ တက်ရောက်လာကြသည့် တောင်သူများက ဓာတ်မြေသြဇာနှင့် သဘာဝ မြေသြဇာ ၁း၃ အချိုးကျရောစပ်ပြီး ကွင်းအတွင်း၌ တောင်သူများ လက်တွေ့ကြဲပက်ခြင်းကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ဦးရဲတင့်(ပြန်/ဆက်)

ဥတုရာသီ
တောကိုမှီ၏။






# မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားနှင့် နန်းမြေဘုံသာစံနန်းတော်ရာစန္ဒာမုနိဘုရား ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းသပိတ်လောင်းလှူပွဲသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်ကြည်ညိုလောင်းလှူ

**မန္တလေး အောက်တိုဘာ ၈**

ရတနာပုံမန္တလေးမြို့တည်နန်းတည် ပဋ္ဌမသင်္ဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီး တည်ထားတော်မူခဲ့သည့် မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားနှင့် နန်းမြေဘုံသာစံနန်းတော်ရာ စန္ဒာမုနိဘုရား (၁၃၅)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် လေးပြင်လေးရပ်မှ ပင့်သံဃာ အပါး ၂၂၀၀ အား သံဃာ့ဒါန ဆွမ်းသပိတ်လောင်းလှူပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ မဟာလောကမာရဇိန် ကုသိုလ်တော်စေတီတော်ရင်ပြင်အင်္ဂါထောင့်နှင့် တောင်ဘက်စောင်းတန်းတို့တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဘုရားဖူးဒါယကာ ပရိသတ်များ တက်ရောက်ကြည်ညိုလောင်းလှူကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားအား ဖူးမြော်ကြည်ညိုပြီးနောက် ရင်ပြင်တော် အင်္ဂါထောင့်တွင် သံဃာ့ဒါနဆွမ်းသပိတ်များလောင်းလှူကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက လေးပြင်လေးရပ်မှ ပင့်သံဃာတော်များအား ဆွမ်းသပိတ်များ၊ နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လောင်းလှူကြပြီး ရင်ပြင်တော်အင်္ဂါထောင့်နှင့် တောင်ဘက်စောင်းတန်းတို့တွင် လေးပြင်လေးရပ်မှ ပင့်သံဃာတော်များအား သံဃာ့ဒါန ဆွမ်းသပိတ်များ လောင်းလှူနေမှုများကို လိုက်လံကြည့်ရှုကြည်ညိုခဲ့ကြကြောင်းနှင့် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

၀-၀-၀

## ကွက်သစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပျဉ်းမနား အောက်တိုဘာ ၈**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားခရိုင်၊ ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကွက်သစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ နဝမအကြိမ် ထုတ်ချေးပေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နေခြည်ဇာဝေက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့နည်းစေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး တစ်ပိုင်တစ်နိုင်မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်နိုင်ရန်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီမံကိန်းလုပ်ငန်းစဉ်ပါ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စနစ်တကျ လိုက်နာဆောင်ရွက်သွားကြရန် ဆွေးနွေးပြောကြားသည်။ **(အောက်ပုံ)**

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းရန်ပုံငွေ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၇ ဒသမ ၁ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကွက်သစ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူလေးဦးကို ငွေကျပ် ၁ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၉ ဦးကို ငွေကျပ် ၁၃ ဒသမ ၄ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၅၃ ဦးကို ငွေကျပ် ၂၅ ဒသမ ၂ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ ၁၅ ဦးကို ၆ ဒသမ ၆ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၇ ဒသမ ၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**(၄၄၅)**



## မိုးနေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး မကြာမီရိတ်သိမ်းတော့မည်

**မိုးနဲ အောက်တိုဘာ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ မိုးနဲမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်းစားသုံးဆီ ဖူလုံပိုလျှံစေရန်နှင့် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒေသခံတောင်သူများက ဆီထွက်သီးနှံ မိုးနေကြာသီးနှံများကို စိုက်ပျိုးခဲ့ရာ ယခုအခါ စိုက်ခင်းများမှာ အသီးအပွင့်များဝေဆာကာ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး မကြာမီရိတ်သိမ်းရတော့မည်ဖြစ်ကြောင်း သိရသည်။



မိုးနဲမြို့နယ်အနေဖြင့် ဆီထွက်သီးနှံ မိုးနေကြာစိုက်ပျိုးခြင်းကို တစ်မြို့နယ်လုံး စုစုပေါင်း ၅၂ ဧက လျာထားပြီး မိုးနေကြာသီးနှံကို ရာနှုန်းပြည့်စိုက်ပျိုးဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဒေသခံတောင်သူတွေ မိုးနေကြာသီးနှံစိုက်ပျိုးရာမှာ တောင်သူတစ်ဦးချင်းအလိုက် သီးနှံအထွက်နှုန်းတိုးတက်ကောင်းမွန်စေရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ဒေသခံတောင်သူများကို စိုက်ပျိုးရေးနည်းပညာနှင့် သွင်းအားစုပစ္စည်းများအား ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိုးနေကြာသီးနှံစိုက်ခင်းများမှာ ယခုအသီးအပွင့်များဝေဆာကာ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး မကြာခင်ရိတ်သိမ်းသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြို့နယ်တွင်း ဒေသခံတောင်သူများအနေဖြင့် အဓိကစိုက်ပျိုးသည့်သီးနှံများမှာ စပါး၊ မြေပဲ၊ နေကြာ၊ ပဲပုပ်၊ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းတို့ဖြစ်ပြီး မိသားစုစားဝတ်နေရေးအတွက် စားဖိုဆောင် သီးနှံများကိုလည်း တစ်နှစ်ပတ်လုံး စိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မျိုးညွန့်ရွှေ(မိုးနဲ)**

## မက္ကဒေးမီးယား ကိုင်းဖြတ်ပြုပြင်ခြင်း သရုပ်ပြပွဲ ကျင်းပ

**မိုင်းယောင်း အောက်တိုဘာ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်၊ ပါဟုတ်ကျေးရွာအုပ်စုတွင် မက္ကဒေးမီးယားကိုင်းဖြတ်ပြုပြင်ခြင်း သရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

နိုင်ငံ့စီးပွားမြှင့်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော မိုင်းယောင်းရတနာ မက္ကဒေးမီးယား စိုက်ပျိုးထုတ်လုပ်သူများအစုအဖွဲ့၏ မက္ကဒေးမီးယား ဧက ၁၄၀ စိုက်ပျိုးအောင်မြင်နေမှုအပေါ် စိုက်ပျိုးရေးဦးစီးဌာန နှစ်ရှည်ပင်သီးနှံဌာနခွဲ(ရုံးချုပ်)၏ အစီအစဉ်ဖြင့် မက္ကဒေးမီးယားပညာရှင် ဦးတင်နိုင်ထွန်း(ဦးစီးအရာရှိ)နှင့်အဖွဲ့မှ မက္ကဒေးမီးယား ကိုင်းဖြတ်ပြုပြင်ခြင်းကို လက်တွေ့နည်းပညာ မျှဝေပေးသည်။

အဆိုပါ မက္ကဒေးမီးယား ကိုင်းဖြတ်ပြုပြင်ခြင်း သရုပ်ပြပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မက္ကဒေးမီးယားလုပ်ငန်းရှင်နှင့် လုပ်သားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

၀-၀-၀-၀

၀-၀-၀-၀-၀

# “ နိုင်ငံသားအခွင့်အရေး မဆုံးရှုံးဖို့ မဲပေးကြပါစို့ ” လူထုအသိပညာပေး ဆိုင်းဘုတ်စိုက်ထူ

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပမည်ဖြစ်ရာ ပြည်သူများအနေဖြင့် နိုင်ငံသားတစ်ဦး၏ အခွင့်အရေးဖြစ်သော ဆန္ဒမဲပေးနိုင်စေရေးအတွက် လူထုအသိပညာပေး “ နိုင်ငံသားအခွင့်အရေး မဆုံးရှုံးဖို့ မဲပေးကြပါစို့ ” မြေစိုက်ပိုစတာကို အောက်တိုဘာ ၇ ရက်က နိုင်ငံတစ်ဝန်း မြို့နယ်များရှိ လူစည်ကားရာ နေရာများ၌ စိုက်ထူထားကြောင်း သိရသည်။


အုတ်တွင်းမြို့နယ်
ခင်ခင်မာ(ပြန်/ဆက်)


မော်လမြိုင်ကျွန်းမြို့နယ်
ရဲကိုမောင်(ပြန်/ဆက်)


ဟသ်ာတမြို့နယ်
ခရိုင်(ပြန်/ဆက်)


မင်းတုန်းမြို့နယ်
ချင်းကလေး(NRDC)


ပေါင်းတည်မြို့နယ်
ရွှေသား(ပြန်/ဆက်)


ခေါ်လန်ဖူးမြို့နယ်
မြို့နယ်(ပြန်/ဆက်)


နောင်မွန်းမြို့နယ်
မြို့နယ်(ပြန်/ဆက်)


ပြည်မြို့
ခရိုင်(ပြန်/ဆက်)


တောင်ငူမြို့
ခရိုင်(ပြန်/ဆက်)


ဆင်ပေါင်ဝဲမြို့နယ်
ခန့်ဝင်း(ဆင်ပေါင်ဝဲ)


ချောက်မြို့နယ်
မြို့နယ်(ပြန်/ဆက်)


ဝေါမြို့နယ်
မြို့နယ်(ပြန်/ဆက်)


မိုးညှင်းမြို့နယ်
ရွှေမိုးညှင်း


ဂျေတ်ကောင်းမြို့
ဂျေတ်ကောင်း(ပြန်/ဆက်)


သာပေါင်းမြို့နယ်
သာပေါင်း(ပြန်/ဆက်)


လပွတ္တာမြို့နယ်
ခရိုင်(ပြန်/ဆက်)


အောင်လံမြို့နယ်
မျိုးသိန်း(ပြန်/ဆက်)


တာချီလိတ်မြို့နယ်
မြင့်မိုရ်(တာချီလိတ်)

# သန်လျင်မြို့နယ်၌ တက္ကစီယာဉ်မောင်းအား သတ်ဖြတ်၍ မော်တော်ယာဉ်ကို လုယက်ယူဆောင်ခဲ့သူနှစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၈

သန်လျင်မြို့နယ်၌ တက္ကစီယာဉ်မောင်းကို သတ်ဖြတ်၍ မော်တော်ယာဉ်ကို လုယက်ယူဆောင်ခဲ့သူနှစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၅ ရက် ညနေ ၅ နာရီတွင် သာကေတမြို့နယ် အမှတ်(၃) ရန်ပြေရပ်ကွက် ရန်ပြေ(၁၈)လမ်းနေ ဦးစံသိန်း (၅၆)နှစ်သည် ၎င်းမောင်းနှင်သည့် YGN-21 BB/8983 TOYOTA PROBOX အမျိုးအစား အဖြူရောင်(အငှား)ယာဉ်ဖြင့် ထွက်ခွာသွားပြီး ည ၉ နာရီအထိ နေအိမ်သို့ပြန်လည်ရောက်ရှိလာခြင်းမရှိဘဲ ၎င်းကိုင်ဆောင်သည့်လက်ကိုင်ဖုန်းမှာလည်း စက်ပိတ်ထားသောကြောင့် ကူညီစုံစမ်းပေးပါရန် သာကေတမြို့မရဲစခန်းသို့ ဆက်သွယ်အကူအညီတောင်းခံလာသဖြင့် ရဲတပ်ဖွဲ့ဝင်များက ရဲစခန်းအချင်းချင်းချိတ်ဆက်၍ စုံစမ်းရှာဖွေခြင်းများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၆ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာအုပ်စု အလယ်ရွာကျေးရွာ သီလဝါခြောက်လမ်းသွားကားလမ်း မိုင်တိုင်အမှတ် ၈ မိုင် ၇ ဖာလုံနှင့် ၉ မိုင်အကြား လမ်းဝဲဘက်ခြမ်းအမှိုက်ပုံ၌ ဦးစံသိန်းအား ထိုးသွင်းဒဏ်ရာ ၃၁ ချက်ဖြင့် သေဆုံးနေသည်ကို ပြန်လည်တွေ့ရှိခဲ့သောကြောင့် သန်လျင်မြို့မရဲစခန်း (ပ)၃၅၅/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂/၃၉၂ ဖြင့် အမှုရေးဖွင့်စစ်ဆေးဆောင်ရွက်ခဲ့သည်။

ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူလူထုနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်ခြင်းများ ဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်သူများမှာ သန်လျင်မြို့နယ် စစ်ပင်ကွင်းကျေးရွာတောင်ဘက်ကွင်းနေ ထက်ရှိန်းဇော်(၁၇)နှစ်နှင့် သုံးခွမြို့နယ် ပုလဲစံပြကျေးရွာ အဆောင်နေ သက်ဝေဦး(၁၇)နှစ်တို့ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသဖြင့် ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်ခဲ့ရာ ထက်ရှိန်းဇော်ကို အောက်တိုဘာ ၆ ရက် ညနေ ၅ နာရီတွင် အမှုထမ်းရပ်ကွက်ရှိ ဓမ္မရောင်ခြည်ဘုန်းကြီးကျောင်းဝင်းအတွင်းမှ ဖြစ်စဉ်တွင်ပျောက်ဆုံးနေသည့် TOYOTA PROBOX မော်တော်ယာဉ် တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး သက်ဝေဦးကို ယင်းနေ့ည ၈ နာရီ မိနစ် ၅၀ တွင် ၎င်းနေထိုင်သည့်အဆောင်မှ ဖမ်းဆီးရမိခဲ့သည်။




ပြစ်မှုကျူးလွန်သူနှစ်ဦးအား ၎င်းတို့စွန့်ပစ်ခဲ့သည့် သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။



ဖြစ်စဉ်မှ ပြန်လည်သိမ်းဆည်းရရှိသည့် သက်သေခံယာဉ်၏ မှတ်တမ်းဓာတ်ပုံ။

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်အရ ၎င်းတို့နှစ်ဦးသည် အောက်တိုဘာ ၅ ရက် ည ၈ နာရီ ၁၀ မိနစ်တွင် သန်လျင်မြို့နယ် ကျိုက်ခေါက်ဘုရားပွဲ၌ အရက်သေစာသောက်စားမူးယစ်ပြီး ဦးစံသိန်းမောင်းနှင်သည့် အငှားယာဉ်အား စီးနင်းခဲ့ကြောင်း၊ သန်လျင်-ကျိုက်ခေါက်ဘုရားကားလမ်း ဆည်မြောင်းဂုံးထိပ်အနီးအရောက် ယာဉ်မောင်းက ယာဉ်စီးခ တောင်းခံခြင်းနှင့်ပတ်သက်၍ စကားများပြီး ထက်ရှိန်းဇော်က ယူဆောင်လာသည့် ကတ်ကြေးဖြင့်ထိုးရာ ယာဉ်မောင်းက ဝက်အူလှည့်ဖြင့် ပြန်လည်ခုခံတိုက်ခိုက်ခဲ့သဖြင့် သက်ဝေဦးက အဆိုပါဝက်အူလှည့်ကို လုယူ၍ ပြန်လည်ထိုးခဲ့ကြောင်း။

ယာဉ်မောင်းသေဆုံးသွားသည့်အခါ ထက်ရှိန်းဇော်က အဆိုပါယာဉ်ကို မောင်းနှင်လာခဲ့ပြီး သီလဝါခြောက်လမ်းသွား လမ်းပေါ်အရောက်၌ ယာဉ်မောင်း၏အလောင်းကို စွန့်ပစ်ခဲ့ပြီး ယာဉ်နံပါတ်ပြားများနှင့် အခြားဆက်စပ်ပစ္စည်းများကို စစ်ပင်ကွင်းကျေးရွာအနီး၌ စွန့်ပစ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည့်အတွက် သိမ်းဆည်းနိုင်ရေး ဆောင်ရွက်ခဲ့ရာ စစ်ပင်ကွင်းကျေးရွာအနီး ချောင်းသစ်ကွင်းမှ မော်တော်ယာဉ်နံပါတ်ပြား နှစ်ခု၊ အဆိုပါယာဉ်နှင့်ပတ်သက်သည့် ဆက်စပ်ပစ္စည်းများ၊



ထက်ရှိန်းဇော်




သက်ဝေဦး

ဦးစံသိန်း ပိုင်ဆိုင်သည့် လက်ကိုင်ဖုန်းတစ်လုံးနှင့် အရိုးအသွား ၆ လက်မခွဲခန့်ရှိ ဦးချွန်ကတ်ကြေးတစ်ခုတို့ကို ထပ်မံသိမ်းဆည်းရရှိခဲ့သည်။

ထိုသို့ အငှားယာဉ်မောင်းကို သတ်ဖြတ်ကာ မော်တော်ယာဉ်အား လုယက်မှုကျူးလွန်ခဲ့သူ ထက်ရှိန်းဇော်နှင့် သက်ဝေဦးတို့အား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ပန်းဘဲတန်းမြို့နယ်ရှိ 32nd Beauty Land Hotel ၌ အမျိုးသမီးငယ်တစ်ဦးအား ရက်စက်စွာသတ်ဖြတ်ခဲ့သူနှင့် ပူးပေါင်းပါဝင်သူအား ဖော်ထုတ်ဖမ်းဆီး

နေပြည်တော် အောက်တိုဘာ ၈

ပန်းဘဲတန်းမြို့နယ်ရှိ 32nd Beauty Land Hotel ၌ အမျိုးသမီးငယ်တစ်ဦးအား ရက်စက်စွာသတ်ဖြတ်ခဲ့သူနှင့် ပူးပေါင်းပါဝင်သူအား ဖော်ထုတ်ဖမ်းဆီးခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။





အောင်ခန့်ကျော်ဇင်



အေးမွန်အောင်

ဖြစ်စဉ်မှာ အောက်တိုဘာ ၆ ရက် နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် အမှတ်(၁၁)ရပ်ကွက်ရှိ 32nd Beauty Land Hotel (၅)လွှာ အခန်းအမှတ်(၅၀၂) ပြတင်းပေါက်အပြင်ဘက် Air Con Outdoor နှစ်ခုကြားရှိ အမှိုက်အိတ်အတွင်း၌ သေဆုံးနေသည့် အမျိုးသမီးတစ်ဦးကို တွေ့ရှိရကြောင်း သတင်းအရ ရဲတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ပလပ်စတစ်အမှိုက်အိတ်အတွင်း၌ သတ်ဖြတ်ခံထားရပြီး ဝမ်းတွင်းကလီစာများနှင့် ဝဲဘက်ပေါင်အသားများ လှီးဖြတ်ထုတ်ယူထားခြင်းခံထားရသည့် အသက်(၂၀)နှစ်ခန့် အမည်မသိ အမျိုးသမီးတစ်ဦး၏ အလောင်းကို တွေ့ရှိရသဖြင့် ပန်းဘဲတန်းမြို့မရဲစခန်း (ပ)၉၆/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ-၃၀၂ ဖြင့် အမှုရေးဖွင့်စစ်ဆေးဆောင်ရွက်ခဲ့သည်။

ပြစ်မှု ကျူးလွန်သူများကို ဖော်ထုတ် ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်ခြင်းများ ဆောင်ရွက်ခဲ့ရာ သေဆုံးသူမှာ ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်နေ မစုမြတ်ဝင်း (၂၃)နှစ်ဖြစ်ကြောင်းနှင့် ပြစ်မှုကျူးလွန်သူများမှာ သာကေတမြို့နယ် အမှတ်(၇) အရှေ့ရပ်ကွက်နေ အောင်ခန့်ကျော်ဇင်(၁၈)နှစ်နှင့် ၎င်း၏ရည်းစားဖြစ်သူ ဗဟန်းမြို့နယ် အရှေ့ရွှေဂုံတိုင် ရပ်ကွက် အောင်ချမ်းသာအိမ်ရာနေ အေးမွန်အောင် (၁၈)နှစ်တို့ ဖြစ်ကြောင်း စုံစမ်းဖော်ထုတ် သိရှိရသဖြင့် ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်ခဲ့ရာ ၎င်းတို့နှစ်ဦးအား အောက်တိုဘာ ၇ ရက် မွန်းလွဲပိုင်းတွင် ၎င်းတို့၏နေအိမ်အသီးသီး၌ ဖမ်းဆီးရမိခဲ့ပြီး အောင်ခန့်ကျော်ဇင်၏နေအိမ်မှ ပြစ်မှုကျူးလွန်စဉ် ၎င်းဝတ်ဆင် အသုံးပြုခဲ့သည့် အဝတ်အစားများ၊ စတီးဓား နှစ်ချောင်း၊ သေဆုံးသူ ကိုင်ဆောင်သည့် လက်ကိုင်ဖုန်းတစ်လုံး အပါအဝင် လက်ကိုင်ဖုန်း သုံးလုံးနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရရှိခဲ့သည်။

ပြစ်မှုကျူးလွန်သူ တရားခံ အောင်ခန့်ကျော်ဇင်၏ ထွက်ဆိုချက်အရ ၎င်းသည် ဂိမ်းအလွန်အကျွံကစားခြင်း၊ လူသတ်အလောင်းဖျောက်သည့် နိုင်ငံခြားဇာတ်လမ်းတွဲများကို အလွန်အကျွံကြည့်ရှုလေ့ရှိပြီး အောက်တိုဘာ ၅ ရက်တွင် LEADER အမည်ရှိ Telegram Channel မှတစ်ဆင့် မစုမြတ်ဝင်းအား ပျော်ပါးရန်အတွက် အခကြေးငွေဖြင့် ဆက်သွယ်ခေါ်ယူခဲ့ပြီး ပန်းဘဲတန်းမြို့နယ်ရှိ 32nd Beauty Land Hotel အခန်းအမှတ်(၅၀၂)၌ ပျော်ပါးနေစဉ် ၎င်းကြည့်ရှုခဲ့သည့် လူသတ်အလောင်းဖျောက် နိုင်ငံခြား ရုပ်သံဇာတ်လမ်းတွဲများမှ ဇာတ်ဆောင်များအတိုင်း မစုမြတ်ဝင်းအား အသင့်ဆောင်ထားသည့် စတီးဓား နှစ်ချောင်းဖြင့် ရက်စက်စွာ သတ်ဖြတ်ပြီး ဝမ်းတွင်းကလီစာများနှင့် ဝဲဘက်ပေါင်အသားများ လှီးဖြတ်ထုတ်ယူကာ စွန့်ပစ်ခြင်းများ ပြုလုပ်ခဲ့သည်။

ထို့နောက် ၎င်း၏ရည်းစားဖြစ်သူ အေးမွန်အောင်ကို အဆိုပါဟိုတယ်သို့ ခေါ်ဆောင်ကာ အခန်းအတွင်းပေကျံနေသည့် သွေးများ သန့်ရှင်းရေးပြုလုပ်ခြင်း၊ မစုမြတ်ဝင်း၏ အလောင်းအား ဖျောက်ဖျက်ခြင်းတို့ပြုလုပ်ခဲ့ကြောင်း ဖော်ထုတ်ရရှိခဲ့သည့်အတွက် အမျိုးသမီးတစ်ဦးကို ရက်စက်စွာသတ်ဖြတ်ခဲ့သည့် အောင်ခန့်ကျော်ဇင်နှင့် အလောင်းဖျောက်ဖျက်ရာတွင် ပူးပေါင်းပါဝင်ကျူးလွန်ခဲ့သူ အေးမွန်အောင်တို့ကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး အခင်းဖြစ်ပွားခဲ့သည့် 32nd Beauty Land Hotel ကိုလည်း ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။




## ဂျော်ဒီအယ်လ်ဘာ ယခုနှစ်ဘောလုံးရာသီအကုန်တွင် ဘောလုံးကစားသမားဘဝမှ အနားယူမည်

**လန်ဒန် အောက်တိုဘာ ၈**

မေဂျာလိဂ်ကလပ် အင်တာမိုင်ယာမီအသင်း နောက်ခံကစားသမား ဂျော်ဒီအယ်လ်ဘာသည် ယခုနှစ်ဘောလုံးရာသီအကုန်တွင် ဘောလုံးကစားသမားဘဝမှ အနားယူတော့မည်ဖြစ်ကြောင်း အတည်ပြု ပြောကြားခဲ့သည်။

အဆိုပါ နောက်ခံကစား



သမားသည် အင်တာမိုင်ယာမီအသင်းနှင့်အတူ ၂၀၂၃မှ ၂၀၂၅ ခုနှစ်အတွင်း ပြိုင်ပွဲစုံ ၉၅ပွဲကစားကာ ၁၄ဂိုးထိ သွင်းယူထားသည်။

အသက်(၃၆)နှစ်အရွယ်ရှိ ဂျော်ဒီအယ်လ်ဘာက "ကျွန်တော် ယခုနှစ်ဘောလုံးရာသီအကုန်မှာ ကစားသမားဘဝမှ အနားယူသွားမှာပါ။ ကျွန်တော် ဘောလုံးကစားခဲ့တဲ့အချိန်တွေကိုလည်း အမှတ်ရနေမှာပါ"ဟု ပြောသည်။

အင်တာမိုင်ယာမီအသင်းမှ ယခုနှစ်ဘောလုံးရာသီအကုန်တွင် ဂျော်ဒီအယ်လ်ဘာ အပါအဝင် ဆာဂျီယိုဘူးစကွက်လည်း အနားယူသွားမည်ဖြစ်သည်။

(ဓာတ်ပုံ) (NGB)

## 2025 Ningbo Open တင်းနစ်ပြိုင်ပွဲ အောက်တိုဘာ ၁၃ ရက်တွင် စတင်မည်

**လန်ဒန် အောက်တိုဘာ ၈**

တရုတ်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Ningbo Open တင်းနစ်ပြိုင်ပွဲ လာမည့် အောက်တိုဘာ ၁၃ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2025 Ningbo Open တင်းနစ်ပြိုင်ပွဲကို အောက်တိုဘာ ၁၃ ရက်မှ ၂၀ ရက်အထိ ၈ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2025 Ningbo Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Ningbo Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ဩစတြေးလျတင်းနစ်မယ် Daria Kasatkina ဖြစ်သည်။

(အောက်ပုံ)

(NGB)





## ၂၀၂၅ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ မက္ကဆီကိုအသင်းတက်ရောက်

**လန်ဒန် အောက်တိုဘာ ၈**

၂၀၂၅ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ မက္ကဆီကိုအသင်းက တက်ရောက်နိုင်ခဲ့သည်။

မက္ကဆီကိုအသင်းသည် ၂၀၂၅ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်း ရှုံးထွက်အဆင့်တွင် ချီလီအသင်းအား လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

မက္ကဆီကိုအသင်းအတွက် သွင်းဂိုးလေးဂိုးကို ပွဲချိန် ၂၆မိနစ်တွင် ဂျီမီနက်ဇ်၊ ပွဲချိန် ၆၇ မိနစ်တွင် ဖိုင်ဘရက်၊ ပွဲချိန် ၈၀ မိနစ်နှင့် ၈၆ မိနစ်တွင် ကမ်ဘာရိုစ်တို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။ (အပေါ်ပုံ)

မက္ကဆီကိုအသင်းသည် ၂၀၂၅ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် အာဂျင်တီးနားအသင်းနှင့် နိုင်ဂျီးရီးယားအသင်းတို့မှ အနိုင်ရရှိမည့် အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ (NGB)

## အိုနာနာကို အပြီးသတ်ခေါ်ယူရန် ထရက်ဇွန်စပေါ်အသင်းစီစဉ်


**လန်ဒန် အောက်တိုဘာ ၈**

တူရကီကလပ် ထရက်ဇွန်စပေါ်အသင်းသည် မန်ယူအသင်းမှ အငှားဖြင့် ခေါ်ယူထားသည့် ဂိုးသမား အိုနာနာကို အပြီးသတ်ခေါ်ယူရန် စီစဉ်လာခဲ့ပြီဖြစ်သည်။

အသက်(၂၉)နှစ်အရွယ်ရှိ ဂိုးသမားသည် ယခုနှစ်ဘောလုံးရာသီတွင် မန်ယူအသင်းမှ ထရက်ဇွန်စပေါ်အသင်းသို့ အငှားပြောင်းရွှေ့ကစားပြီး ပြိုင်ပွဲစုံ လေးပွဲကစားရာ အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက အပြီးသတ်ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။ (အောက်ပုံ)

မန်ယူအသင်းကလည်း အိုနာနာအတွက် သင့်တင့်သည့် ပြောင်းရွှေ့ကြေးနှုန်း ရရှိပါက ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် ထရက်ဇွန်စပေါ်အသင်းအနေဖြင့် ဂိုးသမား အိုနာနာကို အပြီးသတ်ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)



## ရိုဒရီ ဒဏ်ရာကြောင့် စပိန်လက်ရွေးစင်အသင်းလူစာရင်းမှ နုတ်ထွက်

**မက်ဒရစ် အောက်တိုဘာ ၈**

မန်စီးတီးအသင်း ကွင်းလယ်ကစားသမား ရိုဒရီသည် တံကောက်ကြောဒဏ်ရာကြောင့် စပိန်လက်ရွေးစင်အသင်း လူစာရင်းမှ နုတ်ထွက်ခဲ့ပြီဖြစ်သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ကလပ်အသင်းဖြစ်သည့် မန်စီးတီးအသင်းအတွက် ပါဝင်ကစားရင်း ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ရိုဒရီ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် စပိန်အသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။

အသက်(၂၉)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ရိုဒရီသည် စပိန်လက်ရွေးစင်အသင်းနှင့်အတူ ၂၀၁၈ မှ ၂၀၂၅ခုနှစ်အထိ ပြိုင်ပွဲပေါင်း ၅၉ပွဲကစားကာ လေးဂိုးအထိ သွင်းယူထားသည်။

(အောက်ပုံ) (NGB)



## ဖူလ်ဟမ်အသင်းတွင်သာ ဆက်ရှိသွားမည်ဟု နည်းပြ မာကိုဆေးလ်ဗား အတည်ပြု

**လန်ဒန် အောက်တိုဘာ ၈**

ဖူလ်ဟမ်အသင်းနည်းပြ မာကိုဆေးလ်ဗားက မိမိအနေဖြင့် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း အသင်းတွင်သာ ဆက်ရှိသွားမည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါ နည်းပြကို လက်ရှိအချိန်တွင် နော်တင်ဟမ်ဖောရက်စ်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ရန် ကြိုးပမ်းခဲ့သော်လည်း ၎င်းက ဖူလ်ဟမ်အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

နည်းပြ မာကိုဆေးလ်ဗားသည် ဖူလ်ဟမ်အသင်းကို ၂၀၂၁ ခုနှစ် ဇူလိုင် ၁ရက်က စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၁၉၃ ပွဲတွင် ၈၅ပွဲ နိုင်၊ ၄၂ပွဲ သရေ၊ ၆၆ပွဲ ရှုံး ရလဒ်ပိုင်ဆိုင်ထားသည်။

အသက်(၄၈)နှစ်အရွယ်ရှိ မာကိုဆေးလ်ဗားက "ကျွန်တော် ဖူလ်ဟမ်အသင်းမှာပဲ ဆက်ရှိသွားမှာပါ။ ဒီအသင်းဟာ ကျွန်တော့်ရဲ့ အိမ်ပါပဲ။ ဒီအသင်းနဲ့အတူ ရလဒ်ကောင်းများစွာလည်း ရယူသွားလိုပါတယ်"ဟု ပြောသည်။

(အောက်ပုံ) (NGB)



### နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲစဉ်များ (နိုင်ကမ္ဘာ)

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၉-၁၀-၂၀၂၅ ကြာသပတေးနေ့ | ညဂ့း၃၀နာရီ | ဥဇဘက်ကစ္စတန် - ကူဝိတ် |
| ၁၀-၁၀-၂၀၂၅ သောကြာနေ့ | နံနက်၀၀း၃၀နာရီ | ရိုမေးနီးယား - မော်လ်ဒိုဗာ |
| " | နံနက်၀၀း၁၅နာရီ | အဲလန် - ဝေးလ်စ် |
| " | " | ပိုလန် - နယူးဇီလန် |
| " | နံနက်၀၀း၃၀နာရီ | မော်ရိုကို - ဘာရိန်း |
| " | နံနက်၀၂း၀၀နာရီ | အယ်လ်ဂျီးရီးယား - ပါလက်စတိုင်း |

### အာရှဖလားခြေစစ်ပွဲ (တတိယအဆင့်) အုပ်စုအလိုက် ပွဲစဉ်များ (နိုင်ကမ္ဘာ)

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှု |
|---|---|---|---|---|
| ၉-၁၀-၂၀၂၅ ကြာသပတေးနေ့ | မွန်းလွဲ၂း၃၀နာရီ | B | ဘရူနိုင်း - ယီမင် | ယီမင် ၁-၀ ဘရူနိုင်း |
| " | မွန်းလွဲ၃း၃၀နာရီ | E | ပါကစ္စတန် - အာဖဂန်နစ္စတန် | ပါကစ္စတန် ၂-၁ အာဖဂန်နစ္စတန် |
| " | ညနေ၄း၀၀နာရီ | A | တီမော - ဖိလစ်ပိုင် | တီမော ၀-၇ ဖိလစ်ပိုင် |
| " | ညနေ၄း၄၅နာရီ | D | သီရိလင်္ကာ - တာဂျစ်ကစ္စတန် | တာဂျစ်ကစ္စတန် ၂-၀ သီရိလင်္ကာ |
| " | ညနေ၆း၀၀နာရီ | C | စင်ကာပူ - အိန္ဒိယ | စင်ကာပူ ၁-၁ အိန္ဒိယ |
| " | ညနေ၆း၃၀နာရီ | F | လာအို - မလေးရှား | လာအို ၁-၃ မလေးရှား |
| " | ည၇း၀၀နာရီ | D | ထိုင်း - တရုတ်တိုင်ပေ | တရုတ်တိုင်ပေ ၂-၂ ထိုင်း |
| " | " | F | ဗီယက်နမ် - နီပေါ | —— |
| " | ည၇း၃၀နာရီ | A | တာဂျီကစ္စတန် - မော်လ်ဒိုက်စ် | မော်လ်ဒိုက်စ် ၀-၂ တာဂျီကစ္စတန် |
| " | ည၈း၃၀နာရီ | C | ဘင်္ဂလားဒေ့ရှ် - ဟောင်ကောင် | —— |
| " | ည၁၀း၃၀နာရီ | B | လက်ဘနွန် - ဘူတန် | ဘူတန် ၁-၄ လက်ဘနွန် |
| " | ည၁၀း၄၅နာရီ | E | ဆီးရီးယား - မြန်မာ | ဆီးရီးယား ၇-၀ မြန်မာ |

### ကမ္ဘာ့ဖလား ၂၀၂၆ ဘောလုံးပြိုင်ပွဲ (ဥရောပဇုန်) ခြေစစ်ပွဲ-အုပ်စုအဆင့် ပွဲစဉ်များ (နိုင်ကမ္ဘာ)

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် | ပ-ကျော့ရလဒ် |
|---|---|---|---|---|
| ၉-၁၀-၂၀၂၅ ကြာသပတေးနေ့ | ည၁၀း၃၀နာရီ | G | ဖင်လန် - လစ်သူယေးနီးယား | လစ်သူယေးနီးယား ၂-၂ ဖင်လန် |
| ၁၀-၁၀-၂၀၂၅ သောကြာနေ့ | နံနက်၀၀း၁၅နာရီ | H | ဩစတြီးယား - ဆန်မာရီနို | ဆန်မာရီနို ၀-၄ ဩစတြီးယား |
| " | " | C | ဘီလာရုစ် - ဒိန်းမတ် | —— |
| " | " | H | ဆိုက်ပရပ်စ် - ဘော့စနီးယား | ဘော့စနီးယား ၂-၁ ဆိုက်ပရပ်စ် |
| " | " | L | ချက် - ခရိုအေးရှား | ခရိုအေးရှား ၅-၁ ချက် |
| " | " | L | ဖာရိုးကျွန်းစုများ - မွန်တီနီဂရိုး | မွန်တီနီဂရိုး ၁-၀ ဖာရိုးကျွန်းစုများ |
| " | " | G | မော်လ်တာ - နယ်သာလန် | နယ်သာလန် ၈-၀ မော်လ်တာ |
| " | " | C | စကော့တလန် - ဂရိ | —— |

# ပြည်ပဈေးကွက်တွင် လိုအပ်သည့် ညှော်မထ၊ ငစိန် စပါးမျိုးကို ရွေးချယ်စိုက်ပျိုးရန် ဆန်စပါးအသင်းချုပ် တိုက်တွန်း

**မန္တလေး အောက်တိုဘာ ၈**

နိုင်ငံတကာဆန်ဈေးကွက်တွင် ဆန်ဈေးနှုန်းများ ကျဆင်းနေသဖြင့် ပြည်ပတင်ပို့သည့် ညှော်မထ၊ ငစိန်စပါးမျိုးများမှာ အမျိုးအစား၊ အရည်အသွေးပေါ် အခြေခံကာ ဈေးနှုန်းကွာခြားမှုရှိသောကြောင့် ပြည်တွင်း၊ ပြည်ပဈေးကွက်မှ လိုအပ်သည့် စပါးမျိုးများကို ရွေးချယ်စိုက်ပျိုးကြရန် မြန်မာနိုင်ငံဆန်စပါးသင်းချုပ်က တိုက်တွန်းထားသည်။

"တောင်သူများအနေနဲ့ တစ်ဦးတစ်ယောက်ချင်း ကွင်းဆင်းဝယ်လက်တွေ၊ အကျိုးဆောင်တွေကို ရောင်းချထားတာထက် တောင်သူတွေ စုပေါင်းပြီး ဆန်စက်တွေ၊ ကုမ္ပဏီတွေထံ တိုက်ရိုက်ညှိနှိုင်း တင်ပို့ရောင်းချတာမျိုး ဆောင်ရွက်မယ်ဆိုရင် ဈေးနှုန်းပိုမိုရရှိနိုင်ပါတယ်။ စိုက်ပျိုးရာမှာလည်း ပြည်တွင်း၊ ပြည်ပဈေးကွက်လိုအပ်တဲ့မျိုးတွေ စိုက်ပျိုးဖို့လိုပါတယ်"ဟု ၎င်းအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

တောင်သူများသည် မိမိတို့ဒေသအသီးသီးက ဆန်စက်များ၊ ဆန်၊ ဆန်ကွဲ တင်ပို့သည့်ကုမ္ပဏီများနှင့်ပူးပေါင်းပြီး ကန်ထရိုက်လယ်ယာစနစ်၊ အာမခံဈေးနှုန်းစနစ်နှင့် ပူးပေါင်းဆောင်ရွက်သင့်ကြောင်း အကြံပြုထားပြီး ပူးပေါင်းဆောင်ရွက်ရေး စီစဉ်ဆောင်ရွက်ပေးရန် လိုအပ်ချက်များရှိပါက မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ကို ဆက်သွယ်နိုင်သည်။

"လတ်တလော စိုက်ပျိုးထုတ်လုပ်ထားတဲ့ ညှော်မထ၊ ငစိန် စပါးမျိုးတွေ ရောင်းချရာမှာ အခက်အခဲရှိရင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ရဲ့ ဒေသကော်မတီများ၊ ညီနောင်အဖွဲ့အစည်းများနဲ့ အသင်းချုပ်ကို တိုက်ရိုက်ဖြစ်စေ ဆက်သွယ်ဆောင်ရွက်နိုင်ပါတယ်"ဟု ၎င်းကဆက်လက်ပြောကြားသည်။

ပြည်တွင်း၌ အချို့ဒေသများတွင် ကောက်စောစပါးများ စတင်ပေါ်ထွက်နေပြီဖြစ်၍ စပါးစိုက်တောင်သူများထံမှ သင့်တင့်မျှတသော ဈေးနှုန်းများနှင့် စပါး၊ ဆန် ဝယ်ယူရေးအတွက် ညီနောင်အသင်းအဖွဲ့များ၊ ကုန်စည်ဒိုင်များ၊ ဆန်စက်များ၊ ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၉)

*-*-*-*-*





# ပင်းတယမြို့၌ သီတင်းကျွတ်လပြည့်နေ့တွင် ဘုရားဖူးပြည်သူများဖြင့် စည်ကား

**ပင်းတယ အောက်တိုဘာ ၈**

ရှမ်းပြည်နယ်တောင်ပိုင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့ ရွှေဥမင်သဘာဝ လိုဏ်ဂူတော်ဘုရားကြီးနှင့် ဘုန်းတော်ကြီးကျောင်းများ၌ ဥပုသ်သီလ ဆောက်တည်သူများ၊ ကောင်းမှုကုသိုလ်ပြုကြသူများနှင့် ဘုရားဖူးပြည်သူများဖြင့် စည်ကားများပြားခဲ့သည်။

ပင်းတယမြို့သည် ပင်လယ်ရေမျက်နှာပြင် အမြင့်ပေ ၃၈၈၀ တည်ရှိပြီး အေးချမ်းသာယာ၍ ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့ အထွတ်အမြတ်ထားရာ ရှေးဟောင်းစေတီပုထိုးပေါ်များသော တောင်ပေါ်မြို့ဖြစ်ပြီး သီတင်းကျွတ်လပြည့်နေ့၌ လိုဏ်ဂူတော်အတွင်း စေတီတော်များနှင့် ဗုဒ္ဓဘုရားရုပ်ပွားတော်အဆူပေါင်း ၈၀၉၄ ဆူရှိသည့် ရှေးဟောင်းသမိုင်းဝင် သဘာဝရွှေဥမင်လိုဏ်ဂူတော်ဘုရားကြီးနှင့် ဘုန်းတော်ကြီးကျောင်းများတွင် နံနက်အရုဏ်ဆွမ်းကပ်ခြင်း၊ ဆန်၊ ဆီ၊ ဆား၊ ဆေး၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြခြင်းနှင့် ရွှေသင်္ကန်းကပ်လှူပူဇော်သူများဖြင့် ရပ်နီး၊ ရပ်ဝေးဘုရားဖူးဧည့်သည်များနှင့် အထူးစည်ကားခဲ့ကြောင်းနှင့် ဘုရားဖူးဧည့်သည်များအနေဖြင့် ရွှေဥမင်သဘာဝလိုဏ်ဂူတော်ဘုရားကြီးအား နေ့စဉ်နံနက် ၆ နာရီမှ ညနေ ၆ နာရီအတွင်း လာရောက်ဖူးမြော်နိုင်ကြောင်း သိရသည်။

ထို့အတူ ပင်းတယမြို့ရှိ သဘာဝပန်းတလုတ်ရေကန်သာ၊ ညောင်ညိုပင်ကြီးများနှင့် အထင်ကရနေရာများတွင်လည်း အမှတ်တရ အလှဓာတ်ပုံရိုက်သူများဖြင့် စည်ကားများပြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၃၃၈)

# ယခုနှစ် မိုးသီးနှံရာသီ စိုက်ပျိုးသည့် မိုးသီးနှံစုံ ၄၅၃၂၁ ဧကအထိ ရိတ်သိမ်းပြီးစီး



**ပွင့်ဖြူ အောက်တိုဘာ ၈**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးထားသော မိုးသီးနှံစုံ ၄၅၃၂၁ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်းစားနပ်ရိက္ခာ ဖူလုံပိုလျှံစေရန်နှင့် သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်မြင့်မားရေးအတွက် စပါး၊ နှမ်း၊ မြေပဲ၊ နေကြာ၊ ပဲတီစိမ်း၊ ပဲကြီး၊ ပဲစင်းငုံ၊ ဖူးစားပြောင်း၊ ချည်မျှင်ရှည်ဝါ၊ ကြံ၊ ဟင်းသီးဟင်းရွက်၊ ငရုတ်၊ အုန်း၊ ထန်း၊ သီးပင်စားပင်၊ ပရဆေးပင်နှင့် အထွေထွေ စားသုံးသီးနှံများစသည့် မိုးသီးနှံစုံ ၁၂၉၀၆၅ ဧက လျာထားစိုက်ပျိုးဆောင်ရွက်ခဲ့ရာ မြေပြင်စိုက်ပျိုးနိုင်မှု ၁၃၄၅၂၄ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး မိုးသီးနှံစုံ ၄၅၃၂၁ ဧက ရိတ်သိမ်းပြီးစီးကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ စားနပ်ရိက္ခာ ဖူလုံပိုလျှံစေဖို့ စိုက်ခင်းတွေကို ဒေသခံတောင်သူတွေက ယခုနှစ် ဇူလိုင်လကုန်ပိုင်းလောက်ကစပြီး ရိတ်သိမ်းဆောင်ရွက်ခဲ့ရာ ဒီနေ့အထိ ၄၅၃၂၁ ဧက ရိတ်သိမ်းပြီးစီးသွားပြီဖြစ်ပါတယ်။ သီးနှံအထွက်နှုန်းများ လျော့နည်းမှု မဖြစ်စေရေးအတွက် အရည်အသွေးကောင်းတဲ့ သီးနှံများရရှိဖို့ အမိုးအကာအောက်မှာ စနစ်တကျသိမ်းဆည်းနိုင်ဖို့အတွက် ဒေသခံတောင်သူတွေကို အချိန်မီ သီးနှံရိတ်သိမ်းနည်းပညာများကို ပံ့ပိုးကူညီဆောင်ရွက်ပေးပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်တွင် ရိတ်သိမ်းပြီးစီးသည့် မိုးသီးနှံစုံဧက ၄၅၃၂၁၊ ဖူးစားပြောင်း ၁၆၈၉ ဧက၊ ပဲတီစိမ်း ၆၄၀၉ ဧက၊ မြေပဲ ၅၂၆၇ ဧက၊ နှမ်း ၂၄၀၆၅ ဧက၊ နေကြာဧက ၉၃၀၊ ကွမ်း ၁၅ ဧက၊ ငရုတ်ဧက ၄၁၀၊ သီးပင်စားပင်သီးနှံစုံ ၁၆၈၄ ဧက၊ ကြံ၊ နွားတိရစ္ဆာန်အစာ ၄၈၅၂ ဧကတို့ကို ရိတ်သိမ်းပြီးစီးပြီဖြစ်သည်။

မိုးသီးနှံရိတ်သိမ်းရာတွင် မြေပဲသီးနှံတစ်ဧက ၅၅ ဒသမ ၂၆ တင်း၊ နှမ်းသီးနှံ တစ်ဧက ၉ ဒသမ ၄၃ တင်း ၊ နေကြာသီးနှံက တစ်ဧက ၁၉ ဒသမ ၃၅ တင်း၊ ပဲတီစိမ်းသီးနှံက တစ်ဧက ၁၉ ဒသမ ၃၈ တင်း၊ ဖူးစားပြောင်းက တစ်ဧက ၁၄၃၀၅ ဖူး၊ ကြံ၊ နွားတိရစ္ဆာန်အစာမှာ တစ်ဧက ၂၃၅၅ ထုံး၊ အခြား စားသုံးသီးနှံတွေဖြစ်တဲ့ ဟင်းသီးဟင်းရွက် တစ်ဧက ၃၅၅၀ ပိဿာ၊ ငရုတ်သီးနှံ တစ်ဧက ပိဿာ ၇၂၀၊ အုန်းတစ်ဧက ၄၁၆၅ ခိုင်၊ ငှက်ပျောတစ်ဧက ၁၄၃၆ ခိုင်၊ သစ်သီးပင် တစ်ဧက ၁၅၃၆၅ လုံး၊ ကွမ်း တစ်ဧက ပိဿာ ၄၈၀၀ ထွက်ရှိခဲ့ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **(အပေါ်ဝဲပုံ)**

(၄၄၅)



# ကျွဲကျ-ကျောင်းကုန်းကျေးရွာချင်းဆက်လမ်းပေါ်ရှိ ရွှေပူရီးတံတားချဉ်းကပ်လမ်း မြေထိန်းနံရံတည်ဆောက်နေမှု စစ်ဆေး

**မင်းဘူး အောက်တိုဘာ ၈**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကျွဲကျ-ကျောင်းကုန်းကျေးရွာချင်းဆက်လမ်းပေါ်ရှိ ရွှေပူရီးတံတားချဉ်းကပ်လမ်း မြေထိန်းနံရံတည်ဆောက်နေမှု အခြေအနေများကို အောက်တိုဘာ ၇ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)၊ မင်းဘူးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်တာဝန်ခံအင်ဂျင်နီယာနှင့် ဝန်ထမ်းများက ကျွဲကျ-ကျောင်းကုန်း ကျေးရွာချင်းဆက်လမ်းပေါ်၌ ပေ ၁၂၀ ရွှေပူရီးတံတားချဉ်းကပ်လမ်းအား အရှည်ပေ ၁၀၀ရှိ မြေထိန်းနံရံတည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး မှာကြားခဲ့သည်။

အဆိုပါ ရွှေပူရီးတံတားချဉ်းကပ်လမ်းမြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု (ငွေလုံးငွေရင်း) ရန်ပုံငွေကျပ်သန်း ၈၀ ဖြင့် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ယခုနှစ် ဇူလိုင်ပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်သည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ရွှေပူရီးတံတားချဉ်းကပ်လမ်းမြေထိန်းနံရံတည်ဆောက်ပြီးစီးပါက ဒေသဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။ (ဝဲပုံ) နော်လူး

## မန္တလေးမြို့တော်သန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်များအလိုက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မန္တလေး အောက်တိုဘာ ၈**

မန္တလေးမြို့တော်သန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်များအလိုက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ယနေ့ နံနက်ပိုင်းမှ မွန်းလွဲပိုင်းအထိ အောင်မြေသာစံမြို့နယ်မှ အမရပူရမြို့နယ်အထိ မြို့နယ်အလိုက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းအဖြစ် ရေစီးရေလာကောင်းမွန်စေရေး မြောင်းများဆယ်ယူခြင်း၊ သစ်ပင်များ အလင်းဖွင့်ကိုင်းညှိခြင်း၊ မြို့တော်သာယာလှပရေးအတွက် ပလက်ဖောင်းများအတွင်း အလှစိုက်ပင်များ စိုက်ပျိုးခြင်းများကို ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် အောင်မြေသာစံမြို့နယ်တွင် ၂၂ လမ်း၊ ကျုံးရေသွင်းမြောင်း၊ ၆၂ လမ်းမှ၆၆လမ်းအထိနှင့်ချမ်းအေးသာစံမြို့နယ်တွင် ၃၂လမ်း၊ လမ်း ၆၀ မှ ၆၂လမ်းကြားတို့တွင်လည်းကောင်း၊ မဟာအောင်မြေမြို့နယ်တွင် သင်္ဂဇာချောင်းပတ်လမ်း၊ ၄၁လမ်းမှ ၄၂လမ်းတို့တွင်လည်းကောင်း၊ ချမ်းမြသာစည်မြို့နယ်တွင် ၆၈လမ်း၊ ၁၀၄လမ်းမှ ၁၀၅လမ်းကြားတို့တွင်လည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ်တွင် မြဝတီမင်းကြီးလမ်း၊ ၆၂ လမ်းမှ ၆၄ လမ်းအထိလည်းကောင်း၊ အမရပူရမြို့နယ်တွင် ၆၈လမ်း၊ ၁၄၆လမ်းမှ ၁၄၆(A) လမ်းကြားအထိလည်းကောင်း၊ မြို့နယ်အလိုက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းကို ဌာနအလိုက် သန့်ရှင်းရေးဝန်ထမ်းများ၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန၊ ဈေးနှင့်သားသတ်ဌာန၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာန၊ ရေနှင့်သန့်ရှင်းမှုဌာနတို့မှ ပူးပေါင်းဆောင်ရွက်နေမှုများကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းမောင်၊ ကော်မတီဝင် ဦးမြင့်ဦးနှင့် ကော်မတီဝင် ဦးနေလင်းထွန်းတို့က လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။ (ဓဝံ)

မန္တလေးနေ့စဉ်(၆)





## သီတင်းကျွတ်လပြည့်နေ့တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ခရီးသွားပြည်သူ တစ်သိန်းခွဲကျော် ဝင်ရောက်

**ညောင်ဦး အောက်တိုဘာ ၈**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၌ သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော် )နေ့တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ခရီးသွားဘုရားဖူးပြည်သူ တစ်သိန်းခွဲကျော် လာရောက် ဖူးမြော်ခဲ့ကြကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားရေးမှူးဦးစီးဌာန(ပုဂံ)ရုံးခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းအောင်က ပြောသည်။ **(အပေါ်ပုံ)**

သီတင်းကျွတ်ပိတ်ရက်တွင် ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း မြန်မာပြည်အရပ်ရပ်မှ ခရီးသွားဘုရားဖူးပြည်သူများက ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ သာသနိကအဆောက်အအုံများနှင့် အပန်းဖြေဆင်စခန်းတို့တွင် ခရီးသွားများဖြင့် စည်ကားခဲ့သည်။

ထို့ပြင် ရွှေဆံတော်ဘုရားရှိ ဆုတောင်းပြည့်ဘုရား၊ တာမဏိသိမ်ကျောင်းရှိ ဆုတောင်းပြည့်ဘုရား၊ ဓမ္မရာဇကဘုရားရှိ ဆုတောင်းပြည့်ဘုရားနှစ်ဆူ၊ လောကနန္ဒာဘုရားရှိ ဆုတောင်းပြည့်ဘုရားတို့တွင် ရွှေသင်္ကန်းကပ်လှူသူများဖြင့်လည်းကောင်း၊ ရွှေစည်းခုံဘုရား၊ တုရင်တောင်စွယ်တော်မြတ်စေတီ၊ လောကနန္ဒာစွယ်တော်မြတ်စေတီ၊ မဟာဌက်ပစ်တောင်ဘုရား၊ ထီးလိုမင်းလိုဘုရား၊ အလိုတော်ပြည့်ဘုရား၊ အာနန္ဒာဘုရား၊ မဟာဗောဓိဘုရား၊ သဗ္ဗညုဘုရား၊ ဓမ္မရံကြီးဘုရား၊ ကန်တော့ပလ္လင်ဘုရား၊ စူဠာမဏိဘုရား၊ ပြဿဒ်ကြီးဘုရား၊ ဘူးဘုရား၊ ဓမ္မရာဇကဘုရား၊ မြစေတီဘုရား၊ မနူဟာဘုရားတို့တွင်လည်းကောင်း ဘုရားဖူးများဖြင့် ကြက်ပျံမကျ စည်ကားခဲ့သည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ နံရံဆေးရေးပန်းချီနှင့် ဗိသုကာလက်ရာလေ့လာလိုသူများ၊ ပါဠိစာ၊ မင်စာလေ့လာလိုသူ များပြားလျက်ရှိသည့်အပြင် စားသောက်ဆိုင်များ၊ အဝတ်အထည်ရောင်းချသည့်ဆိုင်များ၊ ပုန်းရည်ကြီးအရောင်းဆိုင်များ၊ ပုဂံအမှတ်တရ ရောင်းချသည့်ဆိုင်များ၊ မြင်းလှည်းအငှားလိုက်သူများ၊ မီနီအိုးဝေအငှားလိုက်သူများ၊ ပြည်တွင်းဧည့်လမ်းညွှန်များ အဆင်ပြေနေကြပြီး ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများတွင် ခရီးသွားဧည့်သည်များဖြင့် ပြည့်နေကြောင်း သိရသည်။

(၄၈၁)

## မြန်မာ့ရိုးရာဆင်အကအလှပြိုင်ပွဲတွင် ဆုရရှိခဲ့သော ပြိုင်ပွဲဝင်ဆင်များအား ဆုချီးမြှင့်ပွဲ ကျင်းပ

**ကျောက်ဆည် အောက်တိုဘာ ၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ကျောက်ဆည်မြို့၌ မြန်မာ့ရိုးရာဆင်အကအလှပြိုင်ပွဲကျင်းပခဲ့ပြီး ဆုရရှိခဲ့သော ပြိုင်ပွဲဝင်ဆင်များအား ဆုချီးမြှင့်ပွဲကို ယမန်နေ့ ည ၉ နာရီက ရွှေသာလျောင်းတောင် ဆင်အကအလှပြိုင်ပွဲ ဗဟိုမဏ္ဍပ်တွင် ကျင်းပခဲ့သည်။

ဆုချီးမြှင့်ပွဲအခမ်းအနားတွင် မြို့မိ၊ မြို့ဖ ဦးစန်းယုနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆင်များနှင့် သက်ကြီးဆင်များကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြပြီး ကျောက်ဆည်ခရိုင်၊ စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်နှင့် အဖွဲ့ဝင်များ၊ ကျောက်ဆည်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထိုက်ထိုက်ဇော်နှင့် အဖွဲ့ဝင်များက ရိုးရာဆင်(လူကြီး)ပြိုင်ပွဲတွင် ပထမဆုရရှိသော ရွှေပြည်သာ၊ ဒုတိယဆုရရှိသော မင်းထင်ရှား၊ တတိယဆုရရှိသော မြင်စိုင်းဇာနည်ဆင်များကိုလည်းကောင်း၊ရိုးရာဆင်(လူကြီး)ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသော ဇာနည်ဘွား၊ ပိတောက်မြိုင်ဆင်များကိုလည်းကောင်း၊ရိုးရာဆင်(ကလေး)ပြိုင်ပွဲတွင် ပထမဆုရရှိသော ဒွိမဟာ၊ဒုတိယဆုရရှိသော အောင်ဖြိုးခန့်၊ တတိယဆုရရှိသော စိမ်းလန်းစိုပြည်ဘိုကေဆင်နှင့် နှစ်သိမ့်ဆုရရှိသော ရွှေဆည်သစ်ဆင်များကိုလည်းကောင်း၊ဘော်ကြယ်ဆင်ပြိုင်ပွဲတွင် ပထမဆုရရှိသော ခေတ်သစ်မာန်၊ ဒုတိယဆုရရှိသောအောင်မြင်သူ၊တတိယဆုရရှိသော ဒွေးဆင်များကိုလည်းကောင်း၊ ရိုးရာတီထွင်ဆန်းသစ်မှုသဘာဝဆင်ပြိုင်ပွဲတွင် ဆုရရှိကြသူများကိုလည်းကောင်း ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆင်အကအလှပြိုင်ပွဲတွင် ဧည့်ခံဆင်တစ်စီး၊ ဂုဏ်ပြုဆင်နှစ်စီး၊ သက်ကြီးဆင် လေးစီး၊ ပြိုင်ပွဲဝင် ဆင် ၁၄ စီး၊ မြို့မဈေးပတ်ဆင် ၆၂ စီး၊ စုစုပေါင်း ၈၃ စီး ပါဝင်ခဲ့ကြောင်းနှင့် ပြိုင်ပွဲအမျိုးအစား လေးမျိုးခွဲ၍ ကျင်းပခဲ့ပြီး ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(အပေါ်ဓဝံပုံ)(၄၈၅)**

*-*-*-*-*



## ကသာမြို့တွင် ငါးချဉ်ဈေးကွက် အရောင်းအဝယ်နေးကွေး

**ကသာ အောက်တိုဘာ ၈**

ကသာမြို့တွင် ယခုနှစ် ငါးချဉ်အမျိုးမျိုးလုပ်ကိုင်ကြသူတိုင်း ဈေးကွက်တွင် အရောင်းအဝယ်နှေးကွေးလျက်ရှိကြောင်း ငါးချဉ်လုပ်ငန်းရှင်တစ်ဦးထံမှ သိရသည်။

ဧရာဝတီမြစ်ရေ ကျဆင်းလာချိန် မြစ်၊ ချောင်း၊ အင်းအချို့မှ ငါးများ လှိုင်လှိုင်ဝင်ရောက်လာသော်လည်း ငါးကလေးချဉ်၊ ငါးကြီးချဉ်၊ ငါးလူးချဉ်များ ဈေးကွက်ရှိရာ မြို့နယ်အသီးသီးသို့ ဖြန့်ချိရောင်းချလျက်ရှိသော်လည်း ဈေးကွက်အရောင်းအဝယ် နှေးနေသည်။

"အရင်နှစ်တွေက မန္တလေး၊ မုံရွာ၊ ဗန်းမော်၊ ဖားကန့်၊ မြစ်ကြီးနားကို ပို့ရတာအဆင်ပြေတယ်။ အခုလမှာ အဲ့ဒီဘက်ကို ခရီးသွားတွေ မှာတာများရင် ပြုလုပ်ရောင်းချပေးပါတယ်။ လမ်းပိတ်တာတွေ ကြုံရမှာစိုးရိမ်လို့ နယ်စုံပို့ရောင်းတာတွေ မလုပ်တော့ဘူး" ဟု ငါးချဉ်လုပ်သူတစ်ဦးက ပြောသည်။

နှစ်စဉ်အောက်တိုဘာလတွင် အင်းများအတွင်း ဧရာဝတီမြစ်မှ ငါးများ စတင်ဝင်ရောက်လာချိန် ငါးလုပ်ငန်းလုပ်ကိုင်သူ ကျေးလက်ဒေသနေ အင်းလုပ်သားကြီးများက ကသာမြို့ပေါ်ရှိ ငါးပွဲရုံများသို့ လာရောက်ရောင်းချကြသည်။ ငါးပွဲရုံများမှ ငါးချဉ်၊ ငါးခြောက်နှင့် ငါးမျိုးစုံကို မန္တလေး၊ မုံရွာ၊ ဖားကန့်၊ မြစ်ကြီးနားတို့သို့ ပို့ဆောင်ရောင်းချပေးလျက်ရှိသည်။

ကသာမြို့တွင် ရေထွက်သယံဇာတငါးများကို ငါးကြီးချဉ်၊ ငါးကလေးချဉ်၊ ငါးဖယ်ချဉ်နှင့် ငါးခြောက်၊ ငါးဆားနယ်များပြုလုပ်၍ တင်ပို့ရောင်းချလျက်ရှိရာ ငါးကြီးချဉ်တစ်ပိဿာလျှင်ငွေကျပ် ၂၅၀၀၀၊ငါးကလေးချဉ်တစ်ပိဿာလျှင် ငွေကျပ် ၁၆၀၀၀၊ ငါးလူးချဉ်တစ်ပိဿာလျှင် ငွေကျပ် ၁၆၀၀၀၊ ငါးဖယ်ချဉ် တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀၀ ဈေးနှုန်းဖြင့် ရောင်းချကြကြောင်း သိရသည်။

**(အပေါ်ပုံ)(၃၉၄)**



## လျှပ်ဘေးကြောင့် လူနေအိမ်ပျက်စီးမှုဖြစ်ပွားခဲ့သည့် အိမ်ထောင်စုများအား ဆန်၊ ဆီ၊ ကုလားပဲများထောက်ပံ့ပေးအပ်

**တပ်ကုန်း အောက်တိုဘာ ၈**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း မတ် ၂၈ ရက်က မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် လူနေအိမ်ပျက်စီးမှုဖြစ်ပွားခဲ့သည့် အိမ်ထောင်စုများအား ဆန်၊ ဆီ၊ ကုလားပဲများ ထောက်ပံ့ခြင်းကို အောက်တိုဘာ ၃ ရက် နံနက်ပိုင်းက ဘုရင့်နောင်ရပ်ကွက် အိမ်ထောင်စုများအတွက် မိုဃ်းကောင်းဓမ္မာရုံတွင် ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါထောက်ပံ့ပေးအပ်ရာတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ နေပြည်တော်ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် မြန်မာနိုင်ငံ တရုတ်ကုန်သည်ကြီးများအသင်းချုပ်တို့ပူးပေါင်း၍ ဘုရင့်နောင်ရပ်ကွက်၊ လူနေအိမ်ပျက်စီးမှု ဖြစ်ပွားခဲ့သည့် အိမ်ထောင်စု ၂၅၀ အတွက် တစ်အိမ်ထောင်စုလျှင် ၂၄ ပြည်ဝင် ဆန်အိတ် နှစ်အိတ်၊ ဆီနှစ်ပိဿာ၊ ကုလားပဲ နှစ်ပိဿာတို့အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဝ-ဝ-ဝ-ဝ-ဝ-ဝ

ကျန်းမာရေး ကဏ္ဍ

# ကျန်းမာရေးအတွက် ဆေးနည်းများ

အောင်မျိုးမြတ်(မန္တလေး)



## ကြက်ဟင်းခါးသီး

ကြက်ဟင်းခါးသီးဟာ ခါးသော်လည်း ဆေးစွမ်းထက်ပါတယ်။ အများစုက ချက်စားကြတယ်။ တချို့က ပြုတ်ပြီးစားကြတယ်။ တချို့ကတော့ ကြက်ဟင်းခါးသီးရဲ့ အရည်ကို သောက်ကြပါတယ်။

ကြက်ဟင်းခါးသီးဟာ ကာလဝမ်းရောဂါအတွက် ကောင်းမွန်ပါတယ်။ အရက်နာကျခြင်းနဲ့ လိပ်ခေါင်းရောဂါကိုလည်း သက်သာစေနိုင်ပါတယ်။ အစာမကြေခြင်းနဲ့ ကူးစက်ရောဂါများအတွက်လည်း ကောင်းမွန်ပါတယ်။

နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ အာရုံကြောနဲ့ဆိုင်တဲ့ရောဂါတွေအတွက်လည်း ကောင်းမွန်ပါတယ်။

အသားအရေအတွက်လည်း ကောင်းမွန်စေပြီး ဆံပင်သားအတွက်လည်း ကောင်းမွန်တဲ့ အစားအစာတစ်မျိုးဖြစ်ပါတယ်။

ကြက်ဟင်းခါးသီးကို ဖျော်ရည်လုပ်သောက်ရင် သွေးတိုးကျစေတယ်။ ဆီးချိုရောဂါသက်သာစေပါတယ်။

ဒါ့ကြောင့် အစာလည်းဆေး၊ ဆေးလည်းအစာအဖြစ် ကြက်ဟင်းခါးသီးကို မကြာခဏစားပေးသင့်ပါတယ်။



## ဗာဒံစေ့

မြန်မာနိုင်ငံမှာ ဗာဒံစေ့ကို (ဗန်ဒါစေ့)လို့ခေါ်ပါတယ်။ အင်္ဂလိပ်လို Indian Almond လို့ခေါ်ပါတယ်။ ဗာဒံစေ့ထဲမှာ လူသားတို့ ကျန်းမာရေးကို ကောင်းကျိုးဖြစ်စေတဲ့ ခွန်အား ၅၇၆ ကယ်လိုရီ၊ ကစီဓာတ် ၂၁ ဒသမ ၆၉ ဂရမ်၊ ကော်ဓာတ် သုည ဒသမ ၇၄ ဂရမ်၊ သကြား ၃ ဒသမ ၈၉ ဂရမ်၊ ချေဖျက်လွယ်တဲ့အမျှင်ဓာတ် ၁၂ ဒသမ ၂၀ ဂရမ်၊ အဆီဓာတ် ၄၉ ဒသမ ၄၂ ဂရမ်၊ ပရိုတင်း ၂၁ ဒသမ ၂၂ ဂရမ်၊ လိုင်စင်း သုည ဒသမ ၅၈ ဂရမ်၊ ရေဓာတ် ၄ ဒသမ ၇ ဂရမ်၊ ဗီတာမင်အေ ၁(U)၊ သီအာမင်(ခေါ်)ဗီတာမင်ဘီ(၁) ၁၈ ရာခိုင်နှုန်း၊ ရီဘိုဖလာဗင်(ခေါ်)ဗီတာမင်ဘီ(၂) ၈၅ ရာခိုင်နှုန်း၊ နံအာစင်း(ခေါ်)ဗီတာမင်ဘီ(၆) ၁၁ ရာခိုင်နှုန်း၊ ဖောလစ်(ခေါ်)ဗီတာမင်ဘီ(၉) ၁၃ ရာခိုင်နှုန်း၊ ချိုလင်း ၁၁ ရာခိုင်နှုန်း၊ ဗီတာမင်အီး ၁၇၅ ရာခိုင်နှုန်း၊ ကယ်လ်စီယမ် ၂၆ ရာခိုင်နှုန်း၊ သံဓာတ် ၂၉ ရာခိုင်နှုန်း၊ မဂ္ဂနီစီယမ် ၇၅ ရာခိုင်နှုန်း၊ မဂ္ဂနီးစ် ၁၀၉ ရာခိုင်နှုန်း၊ ဖော့စဖောရပ် ၆၉ ရာခိုင်နှုန်း၊ ပိုတက်စီယမ် ၁၅ ရာခိုင်နှုန်းနဲ့ ဇင့် ၃၂ ရာခိုင်နှုန်းတို့ အသီးသီးပါရှိကြတယ်လို့ ဆိုပါတယ်။

ဗာဒံစေ့ဟာ အေးမြတဲ့အစွမ်းသတ္တိရှိတာကြောင့် ပူပြင်းတဲ့ နွေရာသီမှာ ဗာဒံစေ့ဖျော်ရည်ကို သောက်သုံးပေးသင့်ပါတယ်။

ဗာဒံစေ့ဟာ အသားအရေ ပြန်လည်နုပျိုစေကာ မှတ်ဉာဏ်စွမ်းအားကိုလည်း ကောင်းစေပါတယ်။ အူသိမ်၊ အူမများနဲ့ အတွင်းပိုင်းအကျဆုံး အူများအားလုံးကို သန့်စင်ပေးပါတယ်။ အစာချေဖျက်မှုအင်္ဂါများ အားနည်းလာတဲ့အခါ ဝမ်းချုပ်ခြင်းကို ဖြစ်စေပြီးတော့ ဝက်ခြံတွေ ပေါက်လာပါတယ်။ ဗာဒံစေ့ကို မှန်မှန်စားပေးခြင်းဖြင့် အစာအိမ်ထဲရှိ အကျိုးပြု ဘက်တီးရီးယားများကို လှုံ့ဆော်ပေးတာကြောင့် အစာချေဖျက်မှုကို အားပေးကာ ဝမ်းပုပ်များကိုချပေးနိုင်ပါတယ်။

ဗာဒံစေ့ကို ပုံမှန်စားသုံးပေးခြင်းဖြင့် မျက်နှာပေါ်ရှိ အမည်းစက်များ၊ အမာရွတ်များ ပျောက်ကင်းပြီး အသားအရေကို စိုပြည်ကြည်လင်ဝင်းလက်လာစေမှာပါ။ ဒါ့အပြင် အရေပြားရောဂါရှိသူများလည်း ဗာဒံစေ့ကို ပုံမှန်စားပေးရင် ပျောက်ကင်းပါတယ်။ ဗာဒံစေ့အဆီနဲ့ မျက်နှာကို အသာအယာနှိပ်နယ်ပေးရင် မျက်နှာမှာဖြစ်ပေါ်နေတဲ့ အရေးအကြောင်းတွေ ပျောက်ကင်းစေနိုင်ပါတယ်။ မျက်ကွင်းညိုနေရင်လည်း ဗာဒံစေ့အဆီကို လိမ်းပေးရင် ပျောက်ကင်းပါတယ်။ (မျက်လုံးထဲသို့ ဆီမဝင်အောင် ဂရုစိုက်လိမ်းပေးရမည်။) ဗာဒံစေ့ဟာ နှလုံးရောဂါဖြစ်ခြင်းမှလည်း ကာကွယ်ပေးနိုင်ပါတယ်။ ဗာဒံစေ့ထဲမှာပါတဲ့ အမျှင်ဓာတ်တွေက ခန္ဓာကိုယ်ထဲက အစာအစားထဲမှာ ပါလာတဲ့ ပြင်ပအဆီတွေ စုပ်ယူခြင်းကို တားဆီးဟန့်တားပေးနိုင်ပါတယ်။



## ဗာဒံရွက်

ဗာဒံရွက်ကိုကြိတ်ပြီး ရလာတဲ့ သတ္တုရည်ကို ပွေး၊ ဝဲအပါအဝင် အရေပြားရောဂါတွေအတွက် အသုံးပြုလို့ရပါတယ်။ အရေပြားပေါ်က ဘက်တီးရီးယားတွေကို ဖယ်ရှားဖို့အတွက် အသုံးပြုပေးနိုင်ပါတယ်။

ရင်သားနာကျင်တာကို သက်သာစေရန် ဗာဒံရွက်ကို ခြေပြီး ဆီနဲ့နယ်ကာ ရင်သားမှာ လိမ်းပေးပါ။

ဗာဒံရွက်အဆီကို အာသီးရောင်တာ သက်သာစေဖို့ အသုံးပြုနိုင်ပါတယ်။

အရွက်ကို မီးကင်ပြီး အဆစ်အမြစ်နာနေတဲ့ နေရာများကို ကပ်ပေးပါက သက်သာပျောက်ကင်းပါတယ်။

ဝမ်းပျက်ဝမ်းလျှောအတွက်လည်း ဗာဒံရွက်ကို အသုံးပြုကြပါတယ်။ နာကျင်ကိုက်ခဲတာနဲ့ ခေါင်းကိုက်တာအတွက်လည်း ဗာဒံရွက်ကို အသုံးပြုကြပါတယ်။

လေးဖက်နာကြောင့် အဆစ်အမြစ်တွေ နာကျင်တာကို သက်သာစေဖို့ ဗာဒံရွက်ကို မီးကင်ပြီး နာရီဝက်ခန့် အုံပေးပါက သက်သာပျောက်ကင်းပါတယ်။

အရွက်နုလေးတွေက ရတဲ့သတ္တုရည်ကို ခေါင်းကိုက်သက်သာစေဖို့နဲ့ လေနာသက်သာစေဖို့ အသုံးပြုကြပါတယ်။ ဆီးရွှင်စေဖို့အတွက်လည်း သုံးကြပါတယ်။

ဗာဒံရွက်ဟာ နှလုံးကျန်းမာစေဖို့လည်း အထောက်အကူပြုပေးပါတယ်။ အစာမကြေတာကို သက်သာစေပြီး ချောင်းဆိုးလည်း ပျောက်ကင်းပါတယ်။

ဗာဒံရွက်ကို မီးကင်ပြီး ကပ်ပေးပါက ခြေလက်ထုံတာတွေ ပျောက်ကင်းပါတယ်။

ဝက်ခြံ၊ အနာနဲ့ မှို့ပိုးကြောင့်ဖြစ်တဲ့ အရေပြားပြဿနာတွေအတွက်လည်း ဗာဒံရွက်ကို အသုံးပြုကြပါတယ်။ ဒါ့အပြင် ဆီးချို၊ အာရုံကြောရောဂါအတွက်လည်း အသုံးပြုကြပါတယ်။

ဂုတ်ကျိုးပေါင်းတက်ရင် ဗာဒံရွက်ကို မီးကင်ပြီး နှမ်းဆီ(သို့မဟုတ်)မုန်ညင်းဆီ ပါးပါးလေး သုတ်ပြီး နာရီဝက်၊ ၄၅ မိနစ်ခန့် ကပ်ထားပေးပါက ပျောက်ကင်းပါတယ်။ (တစ်လခန့်ပြုလုပ်ရပါမည်။)



## အုန်းခွံ

အုန်းခွံကို မီးရှို့ပြီး ရလာတဲ့ပြာနဲ့ သွားကို တိုက်ပေးပါက သွားကိုက်ပျောက်ကင်းပါတယ်။

အုန်းခွံကိုပြုတ်ပြီး ရလာတဲ့အရည်ကို သောက်ပါက ဝမ်းလျှော၊ ဝမ်းကိုက်ပျောက်ကင်းပါတယ်။

အုန်းခွံပြုတ်ရည်နွေးနွေးလေးနဲ့ ပလုတ်ကျင်းပေးပါက လည်ချောင်းနာပျောက်ကင်းပါတယ်။

အုန်းခွံအမှုန့်ကို အနာပေါ်လိမ်းပေးပါက ပျောက်ကင်းပါတယ်။

အုန်းခွံစိမ်ထားတဲ့ ရေနဲ့ခေါင်းလျှော်ပေးပါက ဗောက်ထတာ ပျောက်ကင်းပါတယ်။

အုန်းခွံပြုတ်ရည်ကို သောက်ပါက အစာအိမ်နာသက်သာစေပါတယ်။

အုန်းခွံပြုတ်ရည်က ခန္ဓာကိုယ်အပူချိန်ကို လျှော့ချပေးနိုင်တာကြောင့် အဖျားကြီးတာ သက်သာစေပါတယ်။

အခြောက်ခံထားသော အုန်းခွံအပိုင်းအစလေးများကို ဝါးစားပေးပါက သွားဖုံးခိုင်မာစေပါတယ်။

အုန်းခွံပြုတ်ရည်ကို အနည်းငယ်သောက်ပေးပါက အော့အန်ခြင်းပျောက်ကင်းပါတယ်။

အုန်းခွံစိမ်ရည်ကို တစ်နေ့နှစ်ကြိမ်သောက်ပေးပါက ဆီးလမ်းကြောင်းပိုးဝင်ခြင်းကို ပျောက်ကင်းစေပါတယ်။

မီးရှို့ထားသော အုန်းခွံက ထွက်လာတဲ့ အငွေ့ကို ရှူရှိုက်ပေးပါက ချောင်းဆိုးပျောက်ကင်းပါတယ်။

အုန်းခွံပြာကို အနာပေါ်လိမ်းပေးပါက အရေပြားမှို့စွဲခြင်းပျောက်ကင်းပါတယ်။

အုန်းခွံစိမ်ထားတဲ့ရေနဲ့ ရေချိုးပေးပါက ကိုယ်နံ့ ပျောက်ကင်းပါတယ်။

အုန်းခွံပြာနဲ့ ပုံမှန်သွားတိုက်ပေးပါက သွားပိုးစားခြင်းကင်းဝေးပြီး သွားတွေကို ပိုမိုခိုင်မာစေပါတယ်။

အင်းဆက်ပိုးမွှားကိုက်ခံရပါက အုန်းခွံမှုန့်ပြာကို ကိုက်ခံရသည့် ဒဏ်ရာပေါ်၌ လိမ်းပေးခြင်းဖြင့် သက်သာပျောက်ကင်းပါတယ်။

အုန်းခွံလက်ဖက်ရည်ကို သောက်ပေးခြင်းဖြင့် ဗိုက်နာပျောက်ကင်းပါတယ်။

တစ်ပတ်ကို တစ်ကြိမ် အုန်းခွံရည်နဲ့ ဆံပင်ကို လျှော်ပေးပါက ဆံပင်သားကောင်းမွန်ပြီး ဆံပင်ပိုရှည်စေပါတယ်။

အုန်းခွံလက်ဖက်ရည်ကို ပုံမှန်သောက်သုံးပေးခြင်းဖြင့် ကိုယ်ခံအားကို မြှင့်တင်ပေးပြီး ခန္ဓာကိုယ် ကျန်းမာသန်စွမ်းစေပါတယ်။



## ဆိတ်နို့ပင်

ဆိတ်နို့ပင်ဟာ လမ်းဘေးမှာ အလေ့ကျပေါက်တဲ့ အပင်ဖြစ်ပါတယ်။ သူ့ရိုးတံကို ချိုးကြည့်လိုက်ရင် နို့ရောင်ကဲ့သို့ အဖြူအစေးတွေ ထွက်ပါတယ်။

ဆိတ်နို့ပင်ဟာ အစာအိမ်နဲ့ အူလမ်းကြောင်းဆိုင်ရာပြဿနာများဖြစ်တဲ့ အစာအိမ်နာ၊ ဝမ်းချုပ်ခြင်း၊ ဝမ်းလျှောခြင်းများကို သက်သာစေပြီး အစာမကြေခြင်းနဲ့ လေပွခြင်းတွေကို လျှော့ချပေးပါတယ်။

ထိခိုက်ဒဏ်ရာများကို လျှော့ချပေးပြီး အမာရွတ်များကို ပျောက်ကင်းစေပါတယ်။ ဝက်ခြံ၊ မှို့ပိုးကြောင့်ဖြစ်သော အရေပြားရောဂါများကို သက်သာစေပါတယ်။

အဆစ်နာခြင်း၊ ညောင်းညာခြင်းများကို သက်သာစေပြီး ရောင်ရမ်းမှုကို ဆန့်ကျင်သော ဂုဏ်သတ္တိရှိပါတယ်။

အမျိုးသားများအတွက် လိင်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ပေးပြီး အမျိုးသမီးများအတွက် သားအိမ်အတွင်း ရောင်ရမ်းမှုကို လျှော့ချပေးနိုင်ပါတယ်။

အဖျားကျစေခြင်း၊ ချောင်းဆိုးခြင်း၊ ရင်ဘတ်ပိုးဝင်ခြင်းများကို သက်သာစေပါတယ်။ ဆီးရွှင်စေပြီး သွေးဖိအားကို လျှော့ချပေးပါတယ်။

နှလုံးသွေးကြောစနစ်ကို ကျန်းမာစေပါတယ်။

ကိုယ်ဝန်ဆောင်မိခင်များနဲ့ နို့တိုက်မိခင်များ၊ ဆေးဝါးသောက်နေရသူများ ဆိတ်နို့ပင်ကို အသုံးမပြုမီ ဆရာဝန်နဲ့ တိုင်ပင်ရန် လိုအပ်ပါတယ်။



## ရဲယိုသီး

ရဲယိုသီးကို ပုံမှန်စားပေးခြင်းဖြင့် နာကျင်မှုတွေကို သက်သာစေနိုင်ပါတယ်။ ခုခံအားကောင်းစေနိုင်ပါတယ်။ စိတ်ဓာတ်ကျဆင်းခြင်းကို ကုစားပေးနိုင်ပါတယ်။ အရေပြားနဲ့ ဆံသားကို ကျန်းမာစေပါတယ်။ ကင်ဆာရောဂါဖြစ်ပွားမှုကို လျော့နည်းစေပါတယ်။ သွေးဖိအားလျှော့ချဖို့ ကူညီပေးပါတယ်။ ကိုလက်စထရောကို လျော့ကျစေပါတယ်။ မှတ်ဉာဏ်ကောင်းစေပါတယ်။ ဝမ်းချုပ်ခြင်းကို သက်သာစေပါတယ်။ ဘက်တီးရီးယားတွေကို သေစေနိုင်ပါတယ်။

"အာရောဂျံ ပရမံ လာဘံ"

ကိုးကား - Tik Tok

## ဥယျာဉ်ကုန်းကျေးရွာ၌ ကျေးရွာကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ

**မိတ္ထီလာ အောက်တိုဘာ ၈**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ဥယျာဉ်ကုန်းကျေးရွာ၌ ဥယျာဉ်ကုန်းကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဒေါက်တာကောသလ္လ ဦးစီးဆောင်ရွက်ခဲ့သော ကိုယ့်အားကိုယ်ကိုး ကျေးရွာကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို အောက်တိုဘာ ၈ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။



**(အပေါ်ယာပုံ)**

အဆိုပါကျေးရွာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင် ဦးကျော်ဇေယျနှင့် ကော်မတီဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့် ကော်မတီဝင်များ တက်ရောက်ကြသည်။ ၎င်းကျေးရွာ လမ်းသစ်အား ဟံလင်းမဟာစည်သာသနာ့ရိပ်သာ ဆရာတော် ဘဒ္ဒန္တအဂ္ဂသာရ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင် ဦးကျော်ဇေယျနှင့် တပ်မတော် ချည်မျှင်နှင့်အထည်စက်ရုံ(မိတ္ထီလာ) စက်ရုံမှူး ဗိုလ်ကြီးနိုင်လင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါကျေးရွာကွန်ကရစ်လမ်းသည် အရှည် ၃၂၀၀ ပေအကျယ် ၁၄ ပေရှိပြီး စုစုပေါင်းကုန်ကျငွေကျပ် သိန်း ၆၂၀ ကုန်ကျ၍ ကျေးရွာဒေသခံပြည်သူများနှင့် အလှူရှင်စေတနာရှင်များ၏ စုပေါင်းလှူဒါန်းကူညီပါဝင်မှုဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (၄၅၃)

## "နိုင်ငံသားအခွင့်အရေးမဆုံးရှုံးဖို့ မဲပေးကြပါစို့" မြေစိုက်ပိုစတာ စိုက်ထူ

**တောင်တွင်းကြီး အောက်တိုဘာ ၈**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် မြို့နယ်လမ်းစုံ၌ အောက်တိုဘာ ၇ ရက် နံနက် ၉ နာရီခွဲက "နိုင်ငံသားအခွင့်အရေး မဆုံးရှုံးဖို့ မဲပေးကြပါစို့" မြေစိုက်ပိုစတာစိုက်ထူခဲ့ကြသည်။ **(ယာပုံ)**



အဆိုပါ မြေစိုက်ပိုစတာအား တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန်အတွက် လူစည်ကားရာနေရာတွင် စိုက်ထူထားခြင်းဖြစ်ပြီး မင်္ဂလာအချိန် ကျရောက်သည့်အခါ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့်အဖွဲ့ဝင်များ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲရုံးမှ မြို့နယ်ရွေးကောက်ပွဲအရာရှိ ဦးပြည့်မောင်နှင့် အဖွဲ့ဝင်များက အမွှေးနံ့သာရည်များကို ပက်ဖျန်းပေးခဲ့ကြသည်။

တောင်တွင်းကြီးမြို့နယ် ပထမအကြိမ်မဲစာရင်းအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၁၈၁၄၈၀ ဦးနှင့် မဲရုံပေါင်း ၂၁၀ ရှိကြောင်းနှင့် အဆိုပါမဲစာရင်းများကို သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများတွင် စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၁၃ ရက်အထိ ၁၄ ရက်ကြာ ကပ်ထားကြေညာထားကြောင်း သိရသည်။ **နောင်နောင်(ဗိဿနိုးမြေ)**

## ကျွန်းလှမြို့နယ်၌ မိုးစပါး ၃၄၀၉၉ ဧကစိုက်ပျိုးပြီး အောင်မြင်ဖြစ်ထွန်း

**ကျွန်းလှ အောက်တိုဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် သီးနှံမျိုးစုံ စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ယခုနှစ် မိုးစပါး ၃၄၀၉၉ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး ပန်းတိုင်အထွက်နှုန်းရရှိစေရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသရာသီဥတုနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ သင်တန်းများဖွင့်လှစ်ခြင်း၊ ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ ပိုးမွှားကင်းထောက်ခြင်း၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ အချိုးကျအချိန်ကိုက်သုံးစွဲခြင်း စသည့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ ကွင်းဆင်းအသိပညာပေးလျက်ရှိသည်။

ကျွန်းလှမြို့နယ်အတွင်းရှိ လယ်ယာမြေများသည် မိုးကောင်းသောက်ဖြစ်သော်လည်း မိုးစပါး ၃၄၀၉၇ ဧက စိုက်ပျိုးရန်လျာထားပြီး ၃၄၀၉၉ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ဧရာမင်း၊ မနောသုခ၊ ရွှေသွယ်ရင်၊ ချမ်းမြေ့မေနှင့် အောင်နိုင်တိုးစပါးမျိုးများ စိုက်ပျိုးကြကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၄၈၀)

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်၊ စာပေ လေ့လာစို့။**




ဖတ်စရာ၊ မှတ်စရာ စုံလင် ယနေ့လေး


## တစ်မိုးနှောင်း၍ ဆောင်းရောက်တော့မည်

* မိုးအမွန်ဆင် ရပ်ရစ်ခွင်က
ဟန်ပြင်မှိုင်းမို့ ဆိုင်းဆိုင်းညို့၍
ဝိုင်းလို့မာန်ဝင် ရွာရန်ပြင်သည်
ပလ္လင်ဆေးမိုး လာတော့မည်။

* စိုက်ပင်စိုက်သား စိမ်းလဲ့ထွား၍
ယိမ်းနွဲ့အားအင် ကွင်းလုံးရွှင်သည်
စည်ပင်ခိုင်ဖြိုး မြိုင်မြိုင်သီးလျက်
ကောက်ကြီးကောက်သား ဝင်တော့မည်။

* ဝါလကင်းလွတ် သီတင်းကျွတ်သော်
နှင်းဆွတ်ပျံ့သင်း ခဝဲခင်းတို့
သီးကင်းမြိုင်စွာ တင့်ဆန်းကာဖြင့်
ပွင့်ဝါဝါတို့ လှိုင်ခြေပြီ။

* မြောက်လေကပြန် တောင်လေဆန်၍
မိုးကျန်မိုးကြွင်း ဆီးနှင်းလုကာ
ရာသီလည်းပြောင်း တစ်မိုးနှောင်းသည်
ဆောင်းလရောက်လာတော့မည်လေ။ ။

**ချစ်ဝေ(ခေမာမြေ)**

## သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်း အသိပညာပေးဆောင်ရွက်

**တာချီလိတ် အောက်တိုဘာ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု လျော့နည်းကျဆင်းစေရန်နှင့် ပိုးလောက်လမ်းပေါက်ဖွားမှု မရှိစေရန် အဘိတ်ဆေးခတ်ခြင်း၊ ကျန်းမာရေးအသိပညာပေးဆောင်ရွက်ခြင်းကို အောက်တိုဘာ ၇ ရက် မွန်းလွဲပိုင်းက ဝမ်လုံးကျေးရွာ ပလောင်အလုပ်သမားများနေထိုင်ရာ ရာဘာခြံအတွင်း ဒေသခံတောင်ပေါ် တိုင်းရင်းသားပြည်သူများအား ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

မယ်ယန်းကျန်းမာရေးဌာနအောက်ရှိ လွယ်စတုံကျေးလက်ကျန်းမာရေးဌာနခွဲ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျေးလက်ကျန်းမာရေးမှူး ဒေါ်ဗစ်တိုရီးယားက ကလေးသူငယ်များနှင့် ကျေးလက်ပြည်သူများအား ရာသီသွေးလွန်တုပ်ကွေးဖြစ်ပွားမှု လျော့နည်းကျဆင်းစေရန် သွေးလွန်တုပ်ကွေးရောဂါနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီးနောက် အခြေခံပညာမူလတန်းကျောင်း(ခွဲ) ဟွေခိုက်ကျောင်းဝင်းနှင့် ဝမ်လုံးကျေးရွာအနီး ရာဘာခြံအတွင်းရှိ ပလောင်တိုင်းရင်းသားအလုပ်သမားနေအိမ်များ အတွင်း၊ အပြင် အသုံးပြုနေသော ရေတွင်း၊ ရေစည်၊ ရေကန်၊ ကျောက်စည်၊ ပန်းအိုးများနှင့် ရေဆိုး၊ ရေညစ်များရှိနိုင်သည့် နေရာများအတွင်း ပိုးလောက်လမ်းများ ပေါက်ပွားမှုမရှိစေရန် ခြင်ဆေးမှုတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းနှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ကျန်းမာရေးဝန်ထမ်းများက ကျေးရွာအိမ်ထောင်စုအလိုက် ဆေးစိမ် ခြင်ထောင်များ ဖြန့်ဝေပေးခဲ့ပြီး ၎င်းဖျားရောဂါ သွေးဖောက်စစ်ဆေးခြင်း၊ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**အေးအေးလတ်(ပြန်/ဆက်)**

*-*-*-*-*





## ကျောက်ဆည်မြို့တွင် ဆင်လှူပွဲတော်ကျင်းပ

**ကျောက်ဆည် အောက်တိုဘာ ၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့ ရွှေသာလျောင်းတောင် ဆုတောင်းပြည့်ဘုရားတွင် အောက်တိုဘာ ၆ ရက် နံနက် ၅နာရီက ဆင်လှူပွဲတော် ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ရွှေသာလျောင်း၊ လေးမျက်နှာ၊ ရွှေမုဋ္ဌောဘုရားများ၏ ဦးစီးပဓာနနာယက ဩဝါဒစရိယဆရာတော် ဘဒ္ဒန္တစက္ကိန္ဒာဘိဓဇ အမှူးပြုသော ပင့်သံဃာဆရာတော် ၁၁ ပါးအား ကျောက်ဆည်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်နှင့် မြို့မိ၊ မြို့ဖများ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထိုက်ထိုက်ဇော်နှင့် အဖွဲ့ဝင်များ၊ ပြည်သူများက အရုဏ်ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ပြီး လှူဒါန်းမည့်ဆင်များအား ရွှေရည်ငွေရည်ပက်ဖျန်းကာ ရွှေသာလျောင်းတောင် ဆုတောင်းပြည့်စေတီတော်မြတ်ကြီးအား လက်ယာရစ် သုံးပတ်လှည့်လည်၍ လှူဒါန်းခဲ့သည်။

ထို့နောက် ရွှေသာလျောင်း၊ လေးမျက်နှာ၊ ရွှေမုဋ္ဌောဘုရားများ၏ ဦးစီးပဓာနနာယက ဩဝါဒါစရိယဆရာတော်အမှူးပြုသော ပင့်သံဃာဆရာတော်များက အန္တရာယ်ကင်းပရိတ်တရားများ ရွတ်ဖတ်ပူဇော်ခဲ့ပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြောင်း သိရသည်။

(၄၈၅)

*-*-*-*-*-*

## သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် ဆင်ပေါင်ဝဲမြို့နယ်ရှိ ဘုရားစေတီများ၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကား

**ဆင်ပေါင်ဝဲ အောက်တိုဘာ ၈**

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်ရှိ ဘုရားစေတီများတွင် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ညပိုင်း၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။



ဆင်ပေါင်ဝဲမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ဘုရားငါးဆူစေတီတော်မြတ်ကြီး အပါအဝင် ဘုရားစေတီပုထိုးများ၌ ပန်း၊ ဆီမီး ၁၀၀၀ ပူဇော်ခြင်း၊ ရေချမ်းများ ဆက်ကပ်လှူဒါန်းခြင်း၊ အမွှေးနံ့သာများ ထွန်းညှိပူဇော်ခြင်း၊ ဆီမီးထွန်းညှိပူဇော်ခြင်း၊ ဘက်စုံအလှူငွေများ ပါဝင်လှူဒါန်းခြင်း၊ ဘုရားဖူးလာပြည်သူများအား စတုဒိသာကျွေးမွေးခြင်းများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

**ခနိ့ဝင်း(ဆင်ပေါင်ဝဲ)**

## သီတင်းကျွတ်လပြည့်နေ့၌ ပဝါရဏာပြုပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

**ပျော်ဘွယ် အောက်တိုဘာ ၈**

ပျော်ဘွယ်မြို့နယ်တွင် အဘိဓမ္မာအခါတော်နေ့ဖြစ်သည့် သီတင်းကျွတ်လပြည့်နေ့၌ မြို့နယ်သံဃနာယကအဖွဲ့၏ဦးဆောင်မှု၊ ရွှေပြည်သာဘုရားဂေါပကအဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် သံဃပဝါရဏာပြုပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကို အောက်တိုဘာ ၅ ရက် မွန်းလွဲ ၁ နာရီက ရွှေပြည်သာ ကမ္မဋ္ဌာန်းကျောင်းတိုက်တွင်ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဂုဏာစာရနှင့်အဖွဲ့ဝင် ဆရာတော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပဝါရဏာပြုပွဲတွင် အောင်သာကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တနာရဒက ဝါတွင်းကာလ ဝါဆိုခဲ့သော ဝါဆိုသံဃာတော်များ၊ မြို့နယ်အတွင်းရှိ ကျောင်းတိုက်အသီးသီးမှ သံဃာတော်များကို ဩဝါဒမြွက်ကြားတော်မူသည်။ **(အောက်ဝဲပုံ)**



ဆက်လက်၍ ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကိုကျင်းပရာ သံဃာတော်များနှင့် သီလရှင်များ စုစုပေါင်း ၂၄၄ ပါး တို့အား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအာကာစိုးနှင့် ဌာနဆိုင်ရာများ၊ အလှူရှင်များက ဆွမ်းဆန်စိမ်းများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းတို့ကို လောင်းလှူပူဇော်ခဲ့ကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

*-*-*-*

*-*-*-*-*-*

## ဓမ္မသုခရွှေစည်းခုံစေတီတော်၌ ဆီမီးတစ်ထောင်ထွန်းညှိပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**မိတ္ထီလာ အောက်တိုဘာ ၈**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ မိတ္ထီလာမြောက်ကန်ကန်ဦးကန်ထိပ်၌ တည်ထားကိုးကွယ်သော ဓမ္မသုခရွှေစည်းခုံစေတီတော်၌ ဇကာဒသမကြိမ်မြောက် ဆီမီးထွန်းညှိပူဇော်ပွဲကို အောက်တိုဘာ ၅ ရက်မှ ၇ရက်အထိ ကျင်းပလျက်ရှိရာ ယမန်နေ့ည(သီတင်းကျွတ်လပြည့်နေ့)က ဘုရားဖူးလာရောက်သူများ၊ ဆီမီးပူဇော်သူများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

"ဓမ္မသုခရွှေစည်းခုံစေတီတော်ရင်ပြင်တော်မှာ သီတင်းကျွတ်ကာလ သီတင်းကျွတ်ဆီမီးထွန်းညှိပူဇော်ပွဲအဖြစ် နှစ်စဉ်မပြတ် ကျင်းပမြဲဖြစ်တဲ့ ဆီမီးတစ်ထောင် ထွန်းညှိပူဇော်ပွဲကို သီတင်းကျွတ် လဆန်း ၁၄ ရက် သီတင်းကျွတ်လပြည့်နေ့နဲ့ သီတင်းကျွတ် လပြည့်ကျော်တစ်ရက်နေ့ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပတာဖြစ်ပါတယ်။ ဒီနှစ်က ဇကာဒသမအကြိမ်မြောက် ဆီမီးထွန်းညှိပူဇော်တာဖြစ်ပြီး ခါတိုင်းနှစ်တွေလိုပဲ သီတင်းကျွတ် ပြည့်နေ့ကတော့ ဘုရားဖူးလာရောက်သူ၊ ဆီမီးထွန်းညှိပူဇော်သူများနဲ့ ဘုရားမှာ စည်ကားခဲ့ပါတယ်" ဟု စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းဇော်မိုးက ပြောသည်။

အလားတူ(သီတင်းကျွတ်လပြည့်နေ့)က မိတ္ထီလာမြို့ပေါ်ရှိ သမိုင်းဝင် ဖောင်တော်ဦးစေတီတော်၊ ရွှေမြင်တင်စေတီတော်၊ နဂါးရုံမဟာဗောဓိစေတီတော်၊ မိုးကောင်းအန္တကူရေလယ်စေတီတော်၊ ရွှေစောလူးစေတီတော်၊ ထီးသုံးဆင့်စေတီတော် စသည့်ဘုရား၊ ပုထိုး၊ စေတီတော်များတွင် ဘုရားဖူးလာရောက်သူများ၊ ဆီမီးထွန်းညှိပူဇော်သူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)(၄၅၃)**



## သီတင်းကျွတ်လပြည့်နေ့တွင် ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း စုပေါင်းဘုံဆွမ်းလောင်းလှူ

**မန္တလေး အောက်တိုဘာ ၈**

မန္တလေး၊ချမ်းအေးသာစံမြို့နယ်၊ လမ်း ၈၀ ပေါ်ရှိ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း ဂေါပကအဖွဲ့က ဦးစီး၍ (၁၂)ကြိမ်၏ ၁၃ ပတ်မြောက် စုပေါင်းဘုံဆွမ်းလောင်းလှူပွဲကို အောက်တိုဘာ ၆ ရက်(သီတင်းကျွတ်လပြည့်)နေ့ နံနက် ၆ နာရီက ကျင်းပခဲ့သည်။

ထိုသို့ ဘုံဆွမ်းလောင်းလှူပွဲတွင် မြတောင်တိုက်မှ သံဃာတော် အပါး ၂၅၀ တို့အား ပင့်ဖိတ်၍ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆွမ်း၊ ဆွမ်းဟင်းများ၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လောင်းလှူကြသည်။

မန္တလေးမြို့ပေါ်ရှိ ကျောင်းတိုက်ကြီးများမှ သံဃာတော် အပါး ၂၅၀ စီကို အလှည့်ကျ ပင့်ဖိတ်၍ နှစ်စဉ်ဝါတွင်းကာလ ဥပုသ်နေ့တိုင်း ဘုံဆွမ်းလောင်းလှူခဲ့သည်မှာ ၁၂ နှစ် ရှိပြီဖြစ်ကြောင်း သိရသည်။

(၀၉၃)

*-*-*-*-*-*-*

မျက်စိလျှကြ
မျက်ကြည်ရ
မြတ်သည့်လှူဒါန ။

## ပုဂံ-ညောင်ဦးဒေသရှိ ဝင်ငွေနည်းအိမ်ထောင်စု ၅၀၀ အတွက် အလှူငွေနှင့် ဆန်များ ထောက်ပံ့လှူဒါန်း

**ပုဂံ အောက်တိုဘာ ၈**

မန္တလေးတိုင်းဒေသကြီး၊ ပုဂံ-ညောင်ဦးဒေသရှိ ဝင်ငွေနည်းအိမ်ထောင်စု ၅၀၀ အတွက် စားသောက်ရေး အဆင်ပြေစေရန် ရည်ရွယ်၍ အလှူငွေနှင့် ဆန်များ ထောက်ပံ့လှူဒါန်းခြင်းကို အောက်တိုဘာ ၅ ရက် နံနက်ပိုင်းက ပုဂံမြို့ဟောင်းရှိ မနူဟာဘုရားကြီးရင်ပြင်တော်၌ ကျင်းပသည်။

ထိုသို့ ထောက်ပံ့လှူဒါန်းရာတွင် ရွှေဘိုမြို့မှ အလှူရှင် ကိုထက်မွန်အောင် + မမူမူဝင်း (ပွင့်ဆန်ရောင်းဝယ်ရေးလုပ်ငန်း) မိသားစုက ပုဂံမြို့၊ ရတနာဘုံစံ တောရဓမ္မရိပ်သာကျောင်းတိုက် နာယကဆရာတော်ဘဒ္ဒန္တသာဂရနှင့် သံဃာတော်များကို ဖူးမြော်ကြည်ညို၍ နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြသည်။

ထို့နောက် အလှူရှင်မိသားစုက မနူဟာဘုရားကြီးအား ဖူးမြော်ကာ ဘုရားကြီးဂေါပကအဖွဲ့ထံ အလှူငွေများပေးအပ် လှူဒါန်းပြီး ဆရာတော် ဘဒ္ဒန္တသာဂရ၏ ဦးဆောင်မှုဖြင့် ပုဂံ- ညောင်ဦးဒေသရှိ ဝင်ငွေနည်းအိမ်ထောင်စု ၅၀၀ အား အိမ်ထောင်စုတစ်စုလျှင် ဆန်တစ်ပြည်နှင့် အလှူငွေကျပ် ၅၀၀၀ တို့ကို ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

(၄၄၅)

*-*-*-*-*-*-*



**မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ် မီးသတ်ဦးစီးဌာန၊ မိသားစု စည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်နှင်းစံပယ်ထွန်း ဦးဆောင်၍ တပ်ဖွဲ့ဝင်များက သုခရတနာဘိုးဘွားရိပ်သာတွင် သီတင်းကျွတ်(အဘိဓမ္မာနေ့)သန့်ရှင်းရေး ပြုလုပ်ခြင်းနှင့် ဝတ္ထုငွေလှူဒါန်းခြင်း ကုသိုလ်ပြုလုပ်ခဲ့စဉ်။**

**(ကဆ)**

*-*-*-*-*-*-*-*-*

# လွှမ်းချက်ကပို မန်းတက္ကသိုလ်

နိုင်ငံ့ဂုဏ်ဆောင် တက္ကသိုလ်အဖြစ် ဆက်လက်ထိန်းသိမ်းမြှင့်တင်ရန်၊ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့ကို အထောက်အကူပြုစေမည့် ပညာရပ်များ ဆက်လက်မြှင့်တင်ဖြည်းဆည်းပေးရန်၊ ပညာအခြေပြု လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗလငါးတန်နှင့်ပြည့်စုံသည့် ဘွဲ့ကြိုဘွဲ့လွန်လူငယ်များ၏ တီထွင်ဖန်တီးမှုစွမ်းရည်များ ပြသရန်၊ တက္ကသိုလ်၏ ရွှေနှစ် (၁၀၀) မျှော်မှန်းချက်ချမှတ်ရန်၊ စသည့် ရည်ရွယ်ချက်များဖြင့် မန္တလေးတက္ကသိုလ် ရာပြည့်ပွဲသဘင်ကြီး စည်ကားသိုက်မြိုက်စွာ ဝှဲချီးကျင်းပကြပြီ ဖြစ်သည်။

'မန္တလေးတက္ကသိုလ်နှင့်အတူ မွေးဖွားခဲ့သော အုတ်တိုက်နီအဆောက်အအုံ၊ အင်းဝဆောင်၊ ဘွဲ့နှင်းသဘင်ခန်းမအဖြစ် နှစ်ပေါင်းများစွာ အသုံးပြုခဲ့သော အားကစားရုံအဟောင်း၊ ထို့နောက် မန္တလေးတက္ကသိုလ်နှင့်အတူ ရှင်သန်တိုးတက်လာသော ငါးထပ်ဆောင်၊ လေးထပ်ဆောင်၊ အကယ်ဒမီဆောင်၊ ရူပဆောင်အသစ်၊ ဘွဲ့နှင်းသဘင်ခန်းမအသစ်၊ အားကစားရုံအသစ်တို့ကို မန္တလေးတက္ကသိုလ် ရာပြည့်ကာလတွင် တွေ့နိုင်ကြောင်း ဂုဏ်ပြုမှတ်တမ်းတင်ထားခြင်း ဖြစ်သည်။

မဂ္ဂဇင်းမျက်နှာဖုံးတွင်ပါဝင်သော ကနုတ်ပန်းသည် မြန်မာ့ယဉ်ကျေးမှုကို ကိုယ်စားပြုပြီး မန္တလေးတက္ကသိုလ်မှ စာပေ၊ ဂီတ၊ အနုပညာ၊ ယဉ်ကျေးမှုဘက်၌ ထူးချွန်ခဲ့သော သား၊ သမီးတို့ကို ဂုဏ်ပြုထည့်သွင်းထားခြင်းဖြစ်သည်။ ပင်မဆောင်ဘေးမှ ပန်းအိုးနှင့် လှေကားလက်ရန်းမှာလည်း နိမ့်ရာမှမြင့်ရာသို့ တက်လှမ်းသွားသော လှေကားထစ်၏ တိုးတက်မှုလက္ခဏာကို ရည်ညွှန်းဖော်ပြခြင်း ဖြစ်ပါသည်။ ပင်မဆောင်ရှေ့မှ ပန်းရုံမှာလည်း သင်းပျံ့ကြိုင်လှိုင်သောရနံ့ကို ဖြန့်သကဲ့သို့ မိခင်မန္တလေးတက္ကသိုလ်၏ သား၊ သမီးများသည်လည်း ကောင်းသတင်းဝေဖြာစေသောပညာပန်းတို့၏လက္ခဏာအဖြစ် ထင်ဟပ်ရေးဆွဲထားခြင်းဖြစ်သည်'… ဟု ကျက်သရေရွှန်းဝေ ကြွရှလှပသည့် မျက်နှာဖုံးပန်းချီအနုစ်သာရများအား ဆရာဦးဝင်းမောင်(တမ္ပဝတီ)မှ ဖွင့်ဆိုညွှန်းပြထားသည့် မန္တလေးတက္ကသိုလ် ရာပြည့်မဂ္ဂဇင်း (၁၉၂၅-၂၀၂၅)ကြီးသည် ပွဲသဘင်အမီကာလတွင် စာပေစင်မြင့်သို့ ငွားစွင့်ကြွားဝံ့ထွက်ရှိခဲ့သည်။

မိခင်မန္တလေးတက္ကသိုလ်၏ ရင်သွေးများဖြစ်ကြသည့်…။ ယနေ့စာပေလောက၏ ကြီး၊ ငယ်ရွယ်လတ် ကလောင်ရှင်များဖြစ်နေကြသည့်…။ အယ်ဒီတာ၊ ကဗျာဆရာ၊ ကာတွန်းဆရာ၊ စာရေးဆရာ၊ ကျူရှင်ဆရာများဖြစ်ကြသည့်…။ သွယ်အောင်၊ နိုင်ဗလ၊ နိုင်စေရ (မန်းတက္ကသိုလ်)၊ ခင်အောင်ဝင့်၊ ဇော်ခိုင်ဦး၊ ဉူး(မန္တလေး)၊ ဓာတ်ပုံဗီဒီယို မောင်မောင်လှတင့်(မန်းတက္ကသိုလ်)…တို့နှင့် Main Sponser မ,တည်အလှူရှင် သန်းမြင့်အောင်…တို့၏ စုစည်းညီညွတ်မှု အသီးအပွင့်အဖြစ် 'အညာတမာ-၁၀၀' ခံစားမှုရသစာစုများသည်လည်း မောင်မောင်လှတင့်(မန်းတက္ကသိုလ်)၏ ရှယ်လက်ရာနှင့် စွယ်စုံမင်းသားကြီး သွယ်အောင်၏ ဒီဇိုင်းစာလုံးလှလှကြီးများနှင့် ခန့်ထည်၊ လှပ၊ ဝင့်ကြွား…ဂုဏ်ယူဖွယ် ကောင်းလှစွာ ထွက်ရှိလာခဲ့ပြီ ဖြစ်သည်။

ထို့အပြင်…ဆရာရဲသျှမ်း၏ ရာပြည့်အမှတ်တရစာနှင့်အတူ ဝင်းမင်းထွန်း(မန်းတက္ကသိုလ်)၊ နွေမွှန်(မန်း)၊ ရဲသျှမ်းတို့၏ မန္တလေးတက္ကသိုလ် ရာပြည့်အမှတ်တရ ထုတ်ဝေဖြန့်ချိလိုက်သည့် 'အိပ်မက်တမန် စေလိုက်ချင်သည်' ဝတ္ထုတိုများ စာအုပ်လှလှလေးလည်း ထွက်ရှိလာခဲ့သည်။ ထိုစာအုပ်တွင် နွေမွှန်(မန်း)၏ 'ရေနီမြောင်း သစ္စာ၊ ရွှေမန်းရိပ်မွှန်နှင့် ဇီဇဝါအလွမ်း'။ ဝင်းမင်းထွန်း(မန်းတက္ကသိုလ်)၏ 'ဥပေက္ခာနှင့်လဲသည့်အသည်း ဘယ်တော့မှမကွဲ'။ 'ရင်ခွင်သစ်မှာ ပျော်ပါစေ'။ 'နွေကုဋေ၊ မိုးကုဋေ၊ ကြာပါစေကွယ်' 'သံယောဇဉ်မြစ်ကူးမိသည့် ချစ်ဦးသူအလွမ်း'။ 'အိပ်မက်တမန် စေလိုက်ချင်သည်'။ ရဲသျှမ်း၏ 'ဂန္ဓဝင်မမသို့ ချစ်ခြင်းဖွဲ့ကဗျာ' စသည် စသည့် ချစ်၊ လွမ်း၊ ပျော်ဝတ္ထုကျော်များ ပါဝင်ပေသည်။ မန္တလေးတက္ကသိုလ်နောက်ခံဝတ္ထုတိုများဖြစ်၍ မန္တလေးတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူဟောင်းများ ကျောင်းအလွမ်းပြေ၊ တက္ကသိုလ်ကျောင်းက ငွေလမင်းအလွမ်းပြေ၊ တက္ကသိုလ်မှာဝေတဲ့နှင်းအလွမ်းပြေ၊ သိင်္ဂါရရသ၊ သန္တရသ၊ ဟာသရသ၊ ကရုဏာရသ…စသည် ရသစုံနှင့် ရင်ခုန်လှိုက်နှစ်ခြိုက်ဖွယ် ဖတ်ရှုခံစားကြရမည့် စာအုပ်ကောင်းဟု ညွှန်းလိုက်ရပေသည်။

ထိုထိုစာအုပ်များ၊ မဂ္ဂဇင်းများနှင့်အတူ လှပခန့်ညား၊ ထူထဲခန့်ထည်၊ တန်ဖိုးဈေးလည်းမငယ်သည့် အတိဂုဏ်ယူဖွယ် အနှစ် (၁၀၀)။ နှစ် (၁၀၀)ပြည့် … စသည်စသည့် မန္တလေးတက္ကသိုလ် နှစ် (၁၀၀)ပြည့် အထိမ်းအမှတ်မဂ္ဂဇင်းကြီး နှစ်အုပ်သည်လည်း … ရာပြည့်အကြိုပွဲကာလ ဇူလိုင်လ၌ တစ်အုပ်၊ အောက်တိုဘာလ၌ တစ်အုပ် အချိန်မီကွက်တိ မြိုင်ဆိုင်လှပထွက်ရှိခဲ့ကြသည်။

သွားရန်မအား၊ သွားဝယ်ရန်မအား၊ မဝယ်နိုင်အားရကား တကူးတက သွားဝယ်ခဲ့သည့် မန္တလေးတက္ကသိုလ်၊ လုပ်သားတက္ကသိုလ်၊ ညကျောင်း ကျောင်းသားဟောင်း အစ်ကိုအရင်းခေါက်ခေါက်ထံမှ ငှားရမ်းဖတ်ရှုကြည့်ရဦးမည်ဖြစ်၏။ မချင့်မရဲနှင့် ဝေးဝေးကသာ ပွဲသဘင်လွမ်းနေ မှန်းဆအလွမ်းဖြေနေရပေဦးမည်။ သို့နှင့် တစ်နေ့သ၌ သုခရိပ်မြုံ(မန္တလေး) လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ စာသင်ကျောင်း၏ သင်ကြားရေးတာဝန်ခံဆရာ၊ ဂေဟာမှူး … ကဗျာဆရာ ဘိုလ်သိန်းက 'လွမ်းချက်ကပို မန်းတက္ကသိုလ်'အမည်ရှိ မန္တလေးတက္ကသိုလ် (၁၀၀)ပြည့် အလွမ်းစာစုများ…စာအုပ်လှလှလေးတစ်အုပ် လက်ဆောင်ပေးလာသည်နှင့် ရေငတ်တုန်းရေတွင်းထဲ ပြုတ်ကျသည့်နှယ် ဖြစ်သွားရ၏။

စ,ဖတ်သည်နှင့် လက်ကချမရဘဲ တစ်ထိုင်တည်း အဝအပြဲကြီး ဖတ်ဖြစ်သွား၏။

| | |
|---|---|
| စာအုပ်အမည် | -လွမ်းချက်ကပို မန်းတက္ကသိုလ် |
| စာရေးသူ | -ဒေါ်ခင်သိန်း(ရှမ်းတမာ၊ တောင်ကြီး)<br>ဒေါက်တာနှင်းရီအေး<br>ဒေါ်ခင်သင်းကြည်(တောင်ကြီး)<br>အောင်မြင်သူ<br>အညာသားစိုးမြင့်(ဆိုးမျှင့်)<br>ဒေါက်တာနန်းခိုင်ချိုမြင့်<br>နန်းကေသွယ်မြင့် |
| ထုတ်ဝေသည့်စာပေတိုက် | -ဦးရန်ပြေငြိမ်း၊ မဇ္ဈိမပုံနှိပ်တိုက်။ |
| စီစဉ်သူ | -ကျော်မိုးလွင် |
| မျက်နှာဖုံးပန်းချီ | -မာန်ဦး |
| အတွင်းသရုပ်ဖော်နှင့် | -သန့်ဇော်၊ လွင်လွင်လှိုင်ရွှေ၊ အက္ခရာမိုး |
| မျက်နှာဖုံး၊အတွင်းအပြင်အဆင် | -(သုခစံ) |
| တန်ဖိုး | -၁၀၀၀၀ိ/- |
| ထုတ်ဝေသည့်ကာလ | -ပထမအကြိမ်၊ ၂၀၂၅ အောက်တိုဘာ |
| စာမျက်နှာ | -၉၈……စသည့် ပုံနှိပ်မှတ်တမ်းစာမျက်နှာမှသည်….၊ |

'ရာပြည့်သဘင် ကောင်းကင်ယံထက်၊ လင်းလက်နေဆဲ၊ တက္ကသိုလ်ကျောင်းက ငွေလမင်း'ဟူသည့် ဆရာဆူးငှက်၏အမှာစာမှ…၊ 'မန္တလေးတက္ကသိုလ် နှစ် (၁၀၀) ပြည့် ရာပြည့်သဘင်ကို အောက်တိုဘာ ၄၊ ၅၊ ၆ ရက်များတွင် ငလျင်ကြောင့် ပျက်စီးခဲ့သည့် ပင်မအဆောက်အအုံကြီး ပြန်လည်ပြင်ဆင်ပြီးမြောက်၍ အသစ်ဖွင့်လှစ်ခြင်းအခမ်းအနားနှင့်အတူ အာစရိယပူဇော်ပွဲများ၊ အထိမ်းအမှတ်ပြပွဲများ၊ ဂီတဆည်းဆာဖျော်ဖြေပွဲများ၊ အားကစားပွဲများ၊ ဓာတ်ပုံပြိုင်ပွဲများ၊ ပွဲတက်ဝတ်စုံ ဝတ်စားဆင်ယင်မှု ဓာတ်ပုံအစားဆုံးဆုပြိုင်ပွဲများ၊ လူငယ်စကားဝိုင်းများ၊ ပျော်ပွဲရွှင်ပွဲစတုဒိသာပွဲများဖြင့် ကျင်းပကြဦးမည်။

ဂီတဆည်းဆာပွဲတော်အတွက် ကျောင်းသား၊ ကျောင်းသူတွေ ပါဝင်သီဆိုကြဖို့ စက်တင်ဘာ ၁၉ ရက်က အသံသွင်းစတူဒီယိုတစ်ခုတွင် အသံစစ်ကြသည့်သတင်းတွေ လူမှုကွန်ရက်စာမျက်နှာတွင် ဖတ်ရှုကြားသိလိုက်ရသည်။ သည်တွင် Youtube စာမျက်နှာမှာ ကျောင်းသူဟောင်းတစ်ဦးက သီချင်းတစ်ပုဒ်သီဆိုပြီး အသံစစ်ခံနေသည်။ သီချင်းက 'တက္ကသိုလ်ကျောင်းက ငွေလမင်း'တဲ့။ နာမည်ကျော်သီချင်းတစ်ပုဒ် ဖြစ်သည်။ …..။ Youtube စာမျက်နှာ၏ ပုံရိပ်ရှင်အောက်က Comment တွေ ဖတ်ကြည့်တော့ အလိုလေး အသက်(၈၄)နှစ်အရွယ် ကျောင်းသူဟောင်းကြီးတဲ့။ နာမည်က ဒေါ်ခင်သိန်းတဲ့။ ကျွန်တော် အံ့အားသင့်သွားသည်။ ….'ဟူသည့် ရေးပြချက် ဖတ်လိုက်ရသည်နှင့် စာရေးသူကျွန်တော်သည်…မိခင်အရွယ်၊ အမေအရွယ်ရှိ ဒေါ်ခင်သိန်း(ရှမ်းတမာ၊ တောင်ကြီး) မည်တွင်သည့် ဆရာမကြီးအား အံ့ချီး၊ လေးစား၊ ဂုဏ်ယူ၊ မုဒိတာ ပွားမိရသည်။ သို့နှင့် ခပ်သွက်သွက် ဆက်လက်၍ ဆရာမကြီး၏ 'လွမ်းသူ၏အမှာစာနှင့် ကျေးဇူးတင်စကား'အား ဖတ်ကြည့်ဖြစ်သည်။

'ကျွန်မ မခင်သိန်း(ရှမ်းတမာ၊ တောင်ကြီး)ပါရှင်။ မန္တလေးတက္ကသိုလ် ရူပဗေဒကျောင်းသူဟောင်းတစ်ဦးဖြစ်ပါတယ်။ အခုတော့ အသက်(၈၀)ကျော် အဘွားကြီးတစ်ဦး ဖြစ်နေပါပြီ။…..။

ဒီအမှတ်တရ လွမ်းမောစရာတွေကို ကျွန်မရဲ့ညီအစ်မအရင်း သုံးဖော် ဒေါ်ခင်သိန်း၊ ဒေါက်တာနှင်းရီအေး၊ ဒေါ်ခင်သင်းကြည် (တောင်ကြီး)တို့ စုပေါင်းကာ ရင်မှပေါက်ဖွား စာစုလေးများအဖြစ် ချစ်လှစွာသော စာရှုသူရင်ထဲသို့ အရောက်ပို့ရန် စီစဉ်ရခြင်း ဖြစ်ပါတယ်။…….။'

စသည့် လှစ်ဟစကားလေးများအား ဖတ်ပြီးသွားသည်နှင့် 'လွမ်းချက်ကပို မန်းတက္ကသိုလ်'အလွမ်းစာစုအား အငမ်းမရ အလျင်အမြန်ဖတ်မိသွားဖြစ်ခဲ့ရသည်။

'မန္တလေးတက္ကသိုလ် နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်အတွက် ထွက်ရှိမည့်မဂ္ဂဇင်းမှာ ဆောင်းပါးရေးဖို့တွေးရင်း ကျွန်မပျော်နေမိပါတယ်။……။ မရေးတော့ပါဘူး ဆိုပြန်တော့ အမေ့အပေါ် တာဝန်မကျေတဲ့ သမီးတစ်ယောက်လို ခံစားနေရတာကြောင့် ကျွန်မ အမိမန်းတက္ကသိုလ်ကြီးကို အလွမ်းဖြေဖို့ ရေးလိုက်ပါရစေတော့ရှင့်..' အစချီနိဒါန်းဖွင့်ပြလျက်….။

'ကျွန်မတို့ခေတ်က တက္ကသိုလ်ကျောင်းသူတွေဟာ အဆိုတော်ကြီး ဦးမင်းနောင်သီချင်း…တစ်ပတ်လျှို ဆံထုံးအကြော့မှာ တစ်ပွင့် ပန်းပန်ကာ….ရှုကာမနေ့…ငုဝါသွေး….လက်ရှည်ထူထူလေးဝတ်ကာ…. ဆိုသလိုပါပဲ ကျွန်မတို့မန်းတက္ကသိုလ်ကျောင်းသူတွေက မြန်မာရင်ဖုံးလက်စက လက်ရှည်၊ လုံချည်ရှည်ရှည် သပ်သပ်ရပ်ရပ် လေးဝတ်ပြီး ယင်းမာကတ္တီပါဖိနပ်ပါးပါးလေးတွေနဲ့ တစ်ပတ်လျှိုဆံထုံးလေးတွေကို အညာသူတွေဆိုတော့ ခရေပန်း၊ စံပယ်ပန်း၊ မြတ်လေးပန်းကုံးလေးတွေ ဆံထုံးမှာပတ်ပြီး ပန်ထားကြတာ စာသင်ခန်း တစ်ခုလုံး ပန်းရနံ့လေးတွေ ကြိုင်သင်းမွှေးပျံ့နေတာပဲ။ စာသင်ခန်းရဲ့ အနောက်ထဲကနေကြည့်လိုက်ရင် ဆံထုံးဝိုင်းဝိုင်းလေးတွေနဲ့ ပန်းဝိုင်းဝိုင်းလေးတွေနဲ့ မန်းတက္ကသိုလ်ခေတ်တစ်ခေတ်ရဲ့ ထူးခြားတဲ့မြင်ကွင်းပါ….'ဟု သရုပ်ဖော်ရေးဖွဲ့ပြထားသည်မှာ စိတ်မျက်စိ၊ စိတ်နှာပေါက်များနှင့် မြင်ယောင်၊ ရနံ့မွှေးမွှေးလေးများ ရလာသယောင်မျှအထိ ခံစားလိုက်ရ၏။

ဆရာမကြီး ဒေါ်ခင်သိန်းသည် သို့စာပန်းချီခြယ်သပြပြီးနောက်တွင်….။

'ရူပဗေဒဌာနတစ်ခုလုံးရဲ့ အကြည်ညိုဆုံး၊ အချစ်ခံရဆုံး၊ အစွမ်းဆောင်နိုင်ဆုံး ဆရာကြီးကတော့ ဆရာကြီး ဦးကျော်မြင့်ပါရှင်။ ရုပ်ရှင်မင်းသားဝင်းဦးက ညှို့မျက်လုံး အပြုံးမျက်နှာနဲ့ မင်းသားလို ဆွဲဆောင်မှုရှိတယ်။ ကျွန်မတို့ဆရာကြီး ဦးကျော်မြင့်ကတော့ ယဉ်ယဉ်လေးနဲ့၊ အသားဖြူဖြူ၊ လှလှပပ၊ စမတ်ကျကျ၊ ခန့်ခန့်သန့်သန့်နဲ့ ကျက်သရေရှိစွာ ဖြူဖြူစင်စင်ချောပါတယ်။ ဆရာတွေရော ကျောင်းသားတွေပါ အားလုံးဝိုင်းချစ်ခင်ကြတယ်။ လေးစားကြတယ်။ အခုထိ ဆရာကြီးကို သံယောဇဉ်တွယ်နေကြတုန်းပါ။'(စာ-၂၀)

'ကျွန်မ ကျကျနန သီချင်းနှင့်အတီး လိုက်ဖက်ညီဆိုချလိုက်တော့…။ ဆရာကြီး ဦးကျော်မြင့်ကထပြီး 'ရှမ်းပြည်ကလာတဲ့ ကျောင်းသူက မြန်မာ့မဟာဂီတ ယိုးဒယားသီချင်းကြီးတစ်ပုဒ် ဆိုသွားနိုင်တာ အံ့စရာပါပဲ။ ချီးကျူးပါတယ်…'လို့လည်း ဆိုလိုက်ရော…..' (စာ-၂၁/၂၂)

'မန်းတက္ကသိုလ်ရဲ့ ဂီတဆည်းဆာ၊ ပြည်ထောင်စုနေ့၊ လွတ်လပ်ရေးနေ့ စတဲ့ ပွဲကြီးတွေမှာ…..အလှည့်ကျသီဆိုရတဲ့ သီချင်းကတော့ အဆိုတော်ကြီး မာမာအေးရဲ့ 'တရေးချစ်ခွင့်မြင်ရနိုး'က အများအကြိုက်ပါပဲရှင်။

ကျောင်းသား၊ ကျောင်းသူတွေက အဆိုတော်ကြီး မာမာအေးကိုယ်တိုင် လာဆိုတာ…ဟုတ်တယ်၊ မဟုတ်ဘူးတွေနဲ့ အလောင်းအစားလုပ်ရသည်အထိ အဲ့ဒီတုန်းက ကျွန်မအသံကောင်းခဲ့ပါတယ်။' (စာ-၂၂/၂၃)စသည် စသည့်ဖြင့် မန္တလေးတက္ကသိုလ်၏ အထင်ကရပုဂ္ဂိုလ်ပါမောက္ခ ဆရာကြီးဦးကျော်မြင့်နှင့် နှောင်းခေတ်မန္တလေးတက္ကသိုလ်၏ပုံရိပ်များအား မြင်ကြားသိခွင့်ရစေခဲ့သည်။ စိတ်ဝင်စားဖွယ်ကောင်းပေစွ။ မန္တလေးတက္ကသိုလ်၏ သမိုင်းဝင်သီချင်းတစ်ပုဒ်အား ရေးသားဖော်ပြပေးထားသည့် ဆရာမကြီး ဒေါ်ခင်သိန်း(ရှမ်း တမာ၊ တောင်ကြီး)အား ရှာဖွေစုဆောင်းမှတ်ဉာဏ်ကောင်းလွန်းသူ၊ အရေးအပြ ကလောင်စွမ်းထက်လှသူဟု သစ်ခက်သရဖူဘွဲ့ပေးရစေသည်ကား…. 'ရူပဗေဒ'သီချင်း အစ၊ အဆုံးတင်ဆက်ရေးသားပြထား၍ ဖြစ်သည်။

'ရူပဗေဒ'

တေးရေး…မြတ်သူ(မင်းသစ်)

တေးဆို …မခင်သိန်းနှင့် ရူပဗေဒကျောင်းသား၊ ကျောင်းသူများအဖွဲ့

…..ကမ္ဘာကိုရင်ပေါင်တန်းနိုင်ဖို့ ရူပဗေဒစနစ် အခြေခံကာရယ်…..
လူသားတွေရဲ့ အကျိုးကို ဆောင်မယ်လေ…ရေမြေလေနဲ့ စကြဝဠာ
တစ်ခွင်…စိုးမိုးချင်လည်း အားခဲကြိုးပမ်း တို့တစ်တွေထမ်းရွက်မယ်
…..ဆရာတပည့်ညီညီ လက်တွဲချီကာ တိုင်းပြည်သာယာကြောင်း
စုပေါင်း တို့တစ်တွေ ချီလေမယ်….

….အနုမြူစွမ်းအား ထွန်းကားစေရန်ကွယ်….ငြိမ်းချမ်းစွာ
အသုံးပြုရေး တို့ရှေးရှုရမယ်….အပြုသဘောနဲ့ လူ့လောကကို
ဒို့ဦးဆောင်ကြမယ်…ရူပဗေဒ ကူမလေမှ ဒို့တိုင်းပြည်သာယာ
မယ်…. တိုင်းပြည်အကျိုးအတွက် အဖိုးတန် လူချွန်လူကောင်း
ပွားများစေရန်ရည်ရွယ်…ကာယ ဉာဏ စာရိတ္တလည်း ဦးစားပေး
လို့ရယ်….မဝေးသောကာလ တို့ရည်မှန်းရာပန်းတိုင်ရောက်ရမယ်
….တို့ကျောင်းကထွက် တို့ပြည်အတွက် ဖြစ်စေမယ်….
'အနုမြူစွမ်းအား ……..တိုင်းပြည်သာယာမယ်)'

မည်မျှ အနှစ်သာရပြည့်ဝကောင်းမွန် အကောင်းလွန်သည့် သီချင်းပါနည်း။ ကျွန်တော်အကြိုက်ဆုံး တေးစာသားလေးများကား…'အနုမြူစွမ်းအား…ထွန်းကားစေရန်ကွယ်…ငြိမ်းချမ်းစွာအသုံးပြုရေး တို့ရှေးရှုရမယ်….'နှင့် ….'တို့ကျောင်းကထွက် တို့ပြည်အတွက် ဖြစ်စေမယ်….'တို့ ဖြစ်သည်။ စာရှုသူ အသံထွက်ရွတ်ဆိုကြည့်စေလိုပါသည်။

ထပ်မံဖွဲ့ညွှန်းရေးပြရလျှင် စာသည် အင်မတန်ရှည်လျားသွားမည်သေချာရကား….။ (စာ-၉၇)မှ 'လွမ်းတေးမဆုံးစေနဲ့မေမေ'ဟု ခေါင်းစဉ်ပြုလျက် နန်းကေသွယ်မြင့်၏ အလွမ်းစာပါ ဆရာမကြီး ဒေါ်ခင်သိန်း(ရှမ်းတမာ၊ တောင်ကြီး)၏ Life Style ….ဆောင်ပုဒ်အား ကောက်နုတ်တင်ပြလိုက်ပါသည်။

'မေမေက ဆက်ပြောသေးတယ် အသက်ရှည်ချင်ရင် 'သ'ငါးလုံးကို ဆောင်ရမယ်တဲ့။

၁။ 'သာ'သနာကို လုပ်ပါ။
၂။ ကိုယ့်ကိုယ်ကိုယ် 'သ'ပါ။
၃။ 'သူ'ငယ်ချင်းတွေနှင့်နေပါ။
၄။ 'သီ'ချင်းဆိုပါ။
၅။ 'သစ်'ပင်စိုက်ပါ…တဲ့။ 'သ'ငါးလုံးပါ။ အားလုံးအတွက် လိုက်နာကြမယ်ဆိုရင် အသက်ရှည် ကျန်းမာမှာပါ'ဟူ၍ ဖြစ်သည်။

ထို့ပြင် 'ဆရာကြီးတက္ကသိုလ်ဘုန်းနိုင်နှင့် တပည့် မခင်သိန်း' ဟူသည့် အလွမ်းစာစုအခန်းကဏ္ဍအား မကြာခဏ အထပ်ထပ်ပြန်ဖတ်နေဖြစ်ရသူ ကျွန်တော့်အနေဖြင့်..ချစ်ခင်လေးစားရပါသော ငါတို့မန္တလေးတက္ကသိုလ်ထွက် နှောင်တော်၊ အစ်မတော်၊ ညီတော်၊ နှမတော်အပေါင်းတို့ 'လွမ်းချက်ကပို မန်းတက္ကသိုလ်' အလွမ်းစာစုစာအုပ်ကောင်းလေးအား ဝယ်ဖြစ်အောင်ဝယ်ထား၊ ဖတ်ဖြစ်အောင်ဖတ်ထား သင့်လှပါပေတယ်… ဟု လက်တို့ပါသည်။ အားလုံးမင်္ဂလာပါခင်ဗျာ….။

**လျှမ်း(မန်းတက္ကသိုလ်)**

# ၂၀၂၅ ခုနှစ် ဓာတုဗေဒနိုဘယ်ဆုကို ပညာရှင်သုံးဦးအား ပူးတွဲချီးမြှင့်




**စတော့ဟုမ်း အောက်တိုဘာ ၈**

၂၀၂၅ ခုနှစ် ဓာတုဗေဒနိုဘယ်ဆုကို သိပ္ပံပညာရှင် သုံးဦးအား ပူးတွဲချီးမြှင့်ခဲ့ကြောင်း တော်ဝင်ဆွီဒင် သိပ္ပံအကယ်ဒမီက ယနေ့ ကြေညာသည်။

ဂျပန်နိုင်ငံ ကျိုတိုတက္ကသိုလ်မှ ပါမောက္ခ ကီတာဂါဝါ၊ ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းတက္ကသိုလ်မှ ပါမောက္ခ ရောဘ်ဆင်နှင့် အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားတက္ကသိုလ်မှ ပါမောက္ခ ယာဂီတို့က ၂၀၂၅ ခုနှစ် ဓာတုဗေဒနိုဘယ်ဆုကို ပူးတွဲရရှိခဲ့သည်။

၎င်းတို့သုံးဦးက သတ္တု-အော်ဂဲနစ်များ ဖွံ့ဖြိုးစေရန် စွမ်းဆောင်ခဲ့ခြင်းကြောင့် ယခုနှစ်၏ ဓာတုဗေဒ နိုဘယ်ဆုကို ရရှိခဲ့ခြင်းဖြစ်သည်။ သတ္တု-အော်ဂဲနစ် ဆိုသည်မှာ သံသတ္တုနှင့် ဓာတုဓာတ်ပေါင်းစပ်ထားသည့် ပစ္စည်းများဖြစ်ပြီး အတွင်း၌ သေးငယ်သော အပေါက် များရှိသည့်အတွက် ဓာတ်ငွေ့များကို သိုလှောင်နိုင် ကြောင်း သိရသည်။

၎င်းတို့၏ တွေ့ရှိမှုကြောင့် သဲကန္တာရအတွင်းရှိ လေထဲမှရေကို စုဆောင်းနိုင်ခြင်း၊ ကမ္ဘာကြီးပူနွေးလာ မှုကို ဖြစ်ပွားစေသည့် ကာဗွန်ဒိုင်အောက်ဆိုက်ကို သိမ်းဆည်းနိုင်ခြင်းအပြင် အဆိပ်သင့်ဓာတ်ငွေ့ များကို သိုလှောင်ရန် သို့မဟုတ် ဓာတုဗေဒတုံ့ပြန်မှု များကို ဓာတ်ကူပေးရန်အတွက် အသုံးပြုနိုင် သည်။

သတ္တု-အော်ဂဲနစ်များဖွံ့ဖြိုးမှုကြောင့် အနာဂတ် ဓာတုဗေဒနယ်ပယ်အတွက် အကျိုးကျေးဇူးများ ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း ဓာတုဗေဒနိုဘယ် ကော်မတီဥက္ကဋ္ဌ ဟီနာလင်ကီက ပြောကြားခဲ့သည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်

## နှေးကွေးနေသော စီးပွားရေးကို မြှင့်တင်ရန် ဘတ်ငွေ ၄၄ ဘီလီယံတန် စားသုံးမှုမြှင့်တင်ရေး အစီအစဉ်အတည်ပြု



**ဘန်ကောက် အောက်တိုဘာ ၈**

နှေးကွေးနေသော စီးပွားရေး ကို မြှင့်တင်ရန်ကြိုးပမ်းသည့် အနေဖြင့် ဘတ်ငွေ ၄၄ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၆ ဘီလီယံ) တန်ဖိုးရှိသော စား သုံးမှု မြှင့်တင်ရေးအစီအစဉ်တစ် ရပ်ကို အောက်တိုဘာလ ၇ ရက် တွင် ထိုင်းအစိုးရအဖွဲ့က အတည် ပြုခဲ့ကြောင်း စီအင်န်အိုင်သတင်း ဌာနက ဖော်ပြသည်။

"ပူးတွဲပေးချေမှု" အစီ အစဉ်သည် အရည်အချင်းပြည့်မီ သော ထိုင်းနိုင်ငံသားများအတွက် အချို့သော စားသောက်ကုန်များ နှင့် လူသုံးကုန်ပစ္စည်းများ၏ ကုန် ကျစရိတ် ၆၀ ရာခိုင်နှုန်းအထိ ထောက်ပံ့ပေးမည်ဟု ဆိုသည်။

အဆိုပါ အစီအစဉ်သည် အမေရိကန်၏ အခွန်ကောက်ခံမှု များ၊ မြင့်မားသော အိမ်ထောင်စု အကြွေးများ၊ စားသုံးမှု အားနည်း ခြင်းနှင့် တန်ဖိုးမြင့်ငွေကြေးတို့၏ ထိခိုက်မှုခံခဲ့ရသော အရှေ့တောင် အာရှ၏ ဒုတိယအကြီးဆုံး စီးပွား ရေးကို မြှင့်တင်ရန် ရည်ရွယ်သည့် လှုံ့ဆော်မှု အစီအမံများထဲမှ တစ် ခုဖြစ်သည်။

ဘဏ္ဍာရေးဝန်ကြီး အိတ်နီတီ နီတီသန်ပရာပတ်က ယင်းအစီ အစဉ်သည် စီးပွားရေးတိုးတက်မှု ကို ဝ ဒသမ ၄ ရာခိုင်နှုန်းအထိ မြှင့်တင်ပေးမည်ဟု မျှော်လင့်ရ ကြောင်း ယခင်သီတင်းပတ်က ပြောကြားခဲ့သည်။

၎င်း၏ ပြောကြားချက်အရ ပူးတွဲပေးချေမှု အစီအစဉ်နှင့် အခြားသော အစီအမံများသည် စတုတ္ထသုံးလပတ် စီးပွားရေးတိုး တက်မှုကို ယခင်ကခန့်မှန်းထား သော ဝ ဒသမ ၃ ရာခိုင်နှုန်းမှ ၁ ရာခိုင်နှုန်းကျော်အထိ မြှင့်တင် ပေးမည်ဖြစ်သည်။

ယခုနှစ် ထိုင်းစီးပွားရေး သည် ၁ ဒသမ ၈ ရာခိုင်နှုန်းမှ ၂ ဒသမ ၂ ရာခိုင်နှုန်းအကြား တိုးတက်မည်ဟု မျှော်လင့်ရပြီး၊ ယခင်နှစ်က ဒေသတွင်းနိုင်ငံများ ထက် နောက်ကျကျန်ခဲ့သော ၂ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်မှုမှ ကျဆင်းသွားခဲ့ကြောင်း သိရ သည်။ **Mon**

## INTERNATIONAL NEWS နိုင်ငံတကာသတင်းများ




## လျှပ်စစ်ကားထုတ်လုပ်ရေးကုမ္ပဏီ ဗင်းဖတ်စ်ကို အားပေးနေသဖြင့် ဗီယက်နမ်ဆိုင်ကယ်ဈေးကွက်၌ ဟွန်ဒါအရောင်း လျော့ကျလာ

**ဟန္နိုင်း အောက်တိုဘာ ၈**

စက်မှုလုပ်ငန်းဆိုင်ရာအချက် အလက်များနှင့် စားသုံးသူစစ် တမ်းရလဒ်များအရ ဗီယက်နမ်၏ ပြည်တွင်းဖြစ် လျှပ်စစ်ကားထုတ် လုပ်ရေးကုမ္ပဏီ ဗင်းဖတ်စ်ကို အားပေးသည့်အနေဖြင့် ဟန္နိုင်း မြို့တော်မှ လျှပ်စစ်ယာဉ်များသို့ လျင်မြန်စွာ ပြောင်းလဲရန် တွန်း အားပေးနေချိန်တွင် ဗီယက်နမ် ဆိုင်ကယ်ဈေးကွက်၌ ဟွန်ဒါ၏ အရောင်းပမာဏ လျော့ကျလာ လျက်ရှိကြောင်း စီအင်န်အိုင် သတင်းဌာနက ဖော်ပြသည်။

ဗီယက်နမ်ဝန်ကြီးချုပ် ဖမ် မင်ချင်းသည် ဇူလိုင်လတွင် ညွှန် ကြားချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ သည်။ ထိုညွှန်ကြားချက်အရ လောင်စာဆီသုံး ဆိုင်ကယ်များကို မြို့တော် ဟန္နိုင်း၏ အလယ်ဗဟို မှ ၁၂ လကြာပြီးနောက် ပိတ်ပင် မည်ဖြစ်ပြီး ၂၀၂၈ ခုနှစ်မှစ၍ ပိတ်ပင်မှု၏ အတိုင်းအတာကို တိုးချဲ့သွားမည်ဟု ဆိုသည်။

ယင်းကိစ္စရပ်နှင့်ပတ်သက်၍ တိုက်ရိုက်သိရှိသူနှစ်ဦး၏ ပြော ကြားချက်အရ ဟွန်ဒါနှင့် အခြား ဆိုင်ကယ်ထုတ်လုပ်သူများသည် အပြောင်းအလဲများ အလွန်လျင် မြန်လွန်းသည်ဟု ဝေဖန်ကာ ဝန်ကြီးချုပ်က အာဏာပိုင်များ ထံသို့ စာရေးသားပေးပို့ခဲ့သည်။

အစိုးရ၏ ပိတ်ပင်မှုကို ကြေညာပြီးနောက် ဗီယက်နမ်တွင် ဂျပန်အခြေစိုက် ဟွန်ဒါကုမ္ပဏီ၏ ရောင်းချမှုသည် ဇူလိုင်လမှ ဩ ဂုတ်လအထိ ၂၂ ရာခိုင်နှုန်းနီးပါး ကျဆင်းခဲ့ပြီး ယခင်နှစ်ထက် ၁၃ ရာခိုင်နှုန်း ကျဆင်းသွားခဲ့ကြောင်း သိရသည်။ **Mon**



## ပါကစ္စတန်နိုင်ငံ၌ ရေကြီးရေလျှံမှုကြိုတင်သတိပေးစနစ် အဆင့်မြှင့်တင်ဆောင်ရွက်

**အစ္စလာမာဘတ် အောက်တိုဘာ ၈**

ပါကစ္စတန်နိုင်ငံတွင် သဘာဝဘေး အန္တရာယ် ကာကွယ်တားဆီးရေးအတွက် ရေကြီးရေလျှံမှု ကြိုတင်သတိပေးစနစ်ကို အဆင့်မြှင့်တင် ဆောင်ရွက်မည်ဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံပိုင် သတင်းအေဂျင်စီက အောက်တိုဘာ ၇ ရက်တွင် ပြောကြား သည်။

ယင်းစနစ်ကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ အတွက် အရေးကြီးသည့် မိုးလေဝသဆိုင်ရာ အချက်အလက်များကို ရရှိနိုင်မည်ဖြစ်ပြီး ပါကစ္စတန်မိုးလေဝသဌာနက တာဝန်ယူ ဆောင်ရွက်မည်ဖြစ်သည်။ ကန်ဒေါ်လာ ၁၀ သန်းကုန်ကျမည့် ယင်းအစီအစဉ် ဆောင်ရွက် ရေးအတွက် ကမ္ဘာ့ဘဏ်က အကူအညီပေးခဲ့ ခြင်း ဖြစ်သည်။

နိုင်ငံအတွင်း သဘာဝဘေးကာကွယ်ရေး နှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက် ရန်အတွက် ရန်ပုံငွေ ၂ ဒသမ ၉၉ ဘီလီယံကို အစိုးရက သတ်မှတ်ခဲ့သည်။

သဘာဝဘေးကာကွယ်ရေး စီမံချက်အရ မိုးလေဝသစခန်းများတည်ထောင်ခြင်း၊ မိုးလေ ဝသခန့်မှန်းရေး ရေဒါများတပ်ဆင်ခြင်း၊ ကွန်ပျူတာစနစ်များမြှင့်တင်ခြင်းနှင့် မိုးလေဝသ ဝန်ထမ်းများအတွက် လေ့ကျင့်ရေး အင်စတီ ကျူများ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက် မည်ဖြစ်သည်။ နိုင်ငံတွင် မုတ်သုံရာသီကာလ အတွင်း သဘာဝဘေးများ ဖြစ်ပွားခြင်းကို ကာကွယ်သည့်အနေဖြင့် ရေကြီးရေလျှံမှု သတိပေးစနစ်ကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ



## ကျဆင်းလာနေသည့် ဈေးကွက်ဝေစုကို ပြန်လည်မြှင့်တင်ရန် တက်စလာက ပိုမိုသက်သာသောကားများ မိတ်ဆက်ပြသ

**ဝါရှင်တန် အောက်တိုဘာ ၈**

တက်စလာ လျှပ်စစ်ကား ကုမ္ပဏီသည် ယှဉ်ပြိုင်မှုများ မြင့် တက်လာနေချိန်တွင် ကျဆင်းလာ နေသည့် အရောင်းနှင့်ဈေးကွက် ဝေစုကို ပြန်လည်မြှင့်တင်ရန် ကြိုးပမ်းသည့်အနေဖြင့် ၎င်း၏ အရောင်းရဆုံး မော်ဒယ်လ်ဖြစ် သော မော်ဒယ် ဝိုင်အက်စ်ယူဗွီကို ဒေါ်လာ ၃၉၉၉၀ ဖြင့်လည်း ကောင်း၊ မော်ဒယ် ၃ဆီဒင် ကို ဒေါ်လာ ၃၆၉၉၀ ဖြင့်လည်း ကောင်း ပိုမိုသက်သာသောကား များကို အောက်တိုဘာ ၇ ရက်က မိတ်ဆက်ပြသခဲ့ကြောင်း စီအင်န် အိုင်သတင်းဌာနက ဖော်ပြသည်။

အမှုဆောင်အရာရှိချုပ် အီလွန် မတ်စ်သည် နှစ်ပေါင်းများစွာ ကတည်းက လူအများဝယ်ယူနိုင် သော ကားများကို ထုတ်လုပ်မည် ဟု ကတိပြုခဲ့သော်လည်း ပြီးခဲ့ သည့်နှစ်က ဒေါ်လာ ၂၅၀၀၀ တန် လျှပ်စစ်ကား အသစ်တစ်မျိုး ထုတ်လုပ်မည့် အစီအစဉ်ကို ဖျက် သိမ်းခဲ့သည်။

လွန်ခဲ့သောနှစ်နှောင်းပိုင်းတွင် ထိုကား၏ဈေးနှုန်းသည် အမေရိ ကန် လျှပ်စစ်ကား အခွန်ချန်လှပ် ခွင့်အပါအဝင် ဒေါ်လာ ၃၀၀၀၀ အောက်ရှိစေရမည်ဟု မတ်စ်က ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုတွင် စက်တင်ဘာလကုန်ပိုင်း၌ လျှပ်စစ် ကား အခွန်ချန်လှပ်ခွင့် ပြီးဆုံး သွားချိန်တွင် ဈေးနှုန်းများသည် ဒေါ်လာ ၇၅၀၀၀ အထိ မြင့် တက်ခဲ့သည်။ ထိုအချက်က သုံးလပတ်အရောင်းကို စံချိန်တင် မြင့်တက်စေရန် အထောက်အကူ ပြုခဲ့သော်လည်း တတ်နိုင်သော ကားများက ကယ်တင်နိုင်မှသာ ကျန်တစ်နှစ်တာအတွက် ၎င်းတို့ ၏ အရောင်းနှေးကွေးသွားမည်ဟု မျှော်လင့်ထားကြသည်။

"ကားကို ဝယ်ချင်စိတ်က အရမ်းမြင့်မားပါတယ်။ ဒါပေမဲ့ လူတွေမှာ ဝယ်ဖို့အတွက် ဘဏ် စာရင်းထဲမှာ ပိုက်ဆံအလုံ အလောက်မရှိသေးပါဘူး" ဟု ဇူလိုင်လတွင် တက်စ်လာ၏ ဒုတိယသုံးလပတ် ဝင်ငွေကြေညာ ချက်ခေါ်ဆိုမှုတွင် မတ်စ်က ပြော ကြားခဲ့ပြီး "ဒါကြောင့် ကား ဈေးနှုန်းကို ပိုမိုဝယ်ယူနိုင်အောင် လုပ်ဆောင်နိုင်လေ ပိုကောင်းလေ ဖြစ်သည်" ဟု ထောက်ပြခဲ့ ကြောင်း သိရသည်။

**Mon**

## မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြော



**ပျဉ်းမနား အောက်တိုဘာ ၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ပျဉ်းမနားခရိုင် ပျဉ်းမနားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရာသီဥတုဂေဟစနစ်များ ကောင်းမွန်စေရန်နှင့် ပြည်သူများအတွက် ကျန်းမာသန့်ရှင်းပြီး ဘေးကင်းလုံခြုံသော လူနေမှုပတ်ဝန်းကျင် ဖန်တီးပေးနိုင်ရန်အတွက် ရည်ရွယ်၍ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက ဆင်သေကျေးရွာအုပ်စု၊ ကွက်သစ်ကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပျဉ်းမနားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နေခြည်ဇာဝေက မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု လျော့နည်းစေရေးအတွက် စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများကို မီးရှို့ခြင်းမပြုဘဲ စနစ်တကျ စွန့်ပစ်ကြရန်၊ မီးခိုးမြူငွေ့အန္တရာယ်နှင့်ပတ်သက်၍ ကြုံတွေ့ရမည့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများမဖြစ်အောင် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးပြောကြားသည်။

ထို့နောက်တက်ရောက်လာသည့် ကျေးရွာတာဝန်ရှိသူများနှင့် ကျေးရွာသူ၊ ကျေးရွာသားများက အသိပညာပေးဆွေးနွေးဟောပြောသည့် အကြောင်းအရာများနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ပြန်လည်ဖြေကြားခဲ့ပြီး မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြသည်။

အဆိုပါ အသိပညာပေးဆွေးနွေးဟောပြောပွဲသို့ ပျဉ်းမနားမြို့နယ် ဆင်သေကျေးရွာအုပ်စုမှ ဒေသခံပြည်သူ ၇၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း ပျဉ်းမနားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

(အပေါ်ဝဲပုံ)

(၄၄၅)



## ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များ မီးဘေးလုံခြုံရေး ကွင်းဆင်းဆောင်ရွက်

**ပခုက္ကူ အောက်တိုဘာ ၈**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့ပေါ်ရပ်ကွက်များရှိ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များ မီးဘေးလုံခြုံရေးအတွက် ယနေ့ နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပခုက္ကူခရိုင်မီးသတ်ဦးစီးမှူး ဦးသိန်းဇော်ဝင်း၏ ကြီးကြပ်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက ပခုက္ကူမြို့ပေါ်ရပ်ကွက်များရှိ ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်များသို့ ကွင်းဆင်း၍ မီးချိတ်၊ မီးကပ်၊ရေပုံး၊သဲပုံးများစနစ်တကျထားရှိရေး၊ မီးသတ်ဆေးဘူးများ စနစ်တကျ ကိုင်တွယ်အသုံးပြုတတ်စေရေး၊ ရေကန်နှင့်ရေစင်များကို ရေအပြည့်ဖြည့်တင်းထားရှိရေးတို့ကို အသိပညာပေးဟောပြောခြင်း၊ လက်တွေ့မီးငြိမ်းသတ်သရုပ်ပြခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၃၄၀)

*-*-*-*-*-*

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## အိုက်စ်(မက်သ်အဖက်တမင်း) ၂၀၇ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်၊ ဖန်မင်ကျေးရွာအုပ်စု၊ မယ်ယန်းကျေးရွာ၌ အောက်တိုဘာ ၄ရက်တွင် အိုက်စ်(မက်သ်အဖက်တမင်း) ၂၀၇ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၄ ရက် နံနက် ၉ နာရီခန့်တွင် တာချီလိတ်မြို့နယ်၊ ဖန်မင်ကျေးရွာအုပ်စု၊ မယ်ယန်းကျေးရွာရှိ စိုင်းရဲန်တို၏ နေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေရာ စိုင်းရဲန်တို၊ ဖိုလစ်(ခ)အကိန်၊ အိုက်မောင်၊ စိုင်းဝန်း၊ အိုက်အွန်ကျောက်၊ စိုင်းရှုံ့ဖနှင့် စိုင်းလောင်နွဲ့တို့ ၇ဦးကို အိုက်စ်(မက်သ်အဖက်တမင်း) ၂၀၇ ကီလို၊ TOYOTA FORTUNER ယာဉ်တစ်စီး၊ HON-DA CIVIC ယာဉ် တစ်စီး၊ TOYOTA CROWN ယာဉ်တစ်စီး၊ ISUZU D-MAX ယာဉ် တစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ အိုက်စ်(မက်သ်အဖက်တမင်း)များ၏ ပိုင်ရှင်ဖြစ်သူစိုင်းမွန်းနေထိုင်သည့် တာချီလိတ်မြို့နယ်၊ မိုင်းဖုန်း(ခ)ကျေးရွာအုပ်စု၊ ဟိုခိုကျေးရွာရှိ နေအိမ်အား နံနက် ၁၀ နာရီခွဲမိနစ်ခန့်တွင် ဝင်ရောက်ရှာဖွေရာ စိုင်းမွန်းမှာ တိမ်းရှောင်လျက်ရှိကြောင်း သိရသည်။

အဆိုပါမူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူများအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက်ဖော်ထုတ်လျက်ရှိသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

**ရေနုတ်မြောင်းများသည်**
**အမှိုက်**
**စွန့်ပစ်ရန်**
**နေရာမဟုတ်ပါ။**


## တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ တရားမဝင် ကုန်ပစ္စည်းတင်ယာဉ်နှင့် ရေယာဉ် သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၈**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ **(ယာပုံ)**

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၅ ရက်တွင် Ahlone International Port Terminal (AIPT) ဆိပ်ကမ်း၌ ရေယာဉ်တစ်စင်းပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၂၈ မျိုး၊ လူသုံးကုန်ပစ္စည်း ကိုးမျိုး၊ စားသောက်ကုန်ပစ္စည်း နှစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. Shwe Nann Shin ရေယာဉ်တစ်စင်းကိုလည်းကောင်း၊ ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း လေးမျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace တစ်စီးကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။


အောက်တိုဘာ ၅ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၉ မှုကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုးပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များကို အသေးစား၊ အလတ်စား လုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။



သို့ဖြစ်ပါ၍ ၄င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## တောရတိုက်ဘုန်းကြီးကျောင်းဝင်း ခြံစည်းရိုးအနီး၌ ဓာတ်ကြိုးပေါ်သို့ မန်ကျည်းကိုင်း ပဲ့ကျ၍ ပိမိနေသဖြင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် အောက်တိုဘာ ၈**

အောက်တိုဘာ ၅ ရက် နံနက် ၉ နာရီခန့်က မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့၊ အမှတ်(၁)ရပ်ကွက်ရှိ တောရတိုက်ဘုန်းကြီးကျောင်းဝင်း ခြံစည်းရိုးအနီး၌ လုံးပတ် ၁၀ ပေ၊ အမြင့် ပေ ၈၀ ခန့် မန်ကျည်းပင်မှ လုံးပတ် ၂ ပေ၊ အရှည် ပေ ၂၀ ခန့်ရှိ မန်ကျည်းကိုင်းသည် ဓာတ်ကြိုးပေါ်သို့ ပဲ့ကျပိမိနေကြောင်း သတင်းရရှိသဖြင့် မင်းဘူးမြို့ နယ်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ် တစ်စီးဖြင့် ရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် ပြီးစီးခဲ့ပြီး အဆိုပါဖြစ်စဉ်ကြောင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

(ဝဲပုံ)(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၄၆)၊ ဦးပိုင်အမှတ်(၆၁-ခ)၊ ဧရိယာ(၀ ဒသမ ၀၁၂၆)ဧက အကျယ်အဝန်းရှိ မဖ အမည်ပေါက်ရှိသော ဘိုးဘွားပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီ(၂)ထပ်တိုက်အဆောက်အအုံ၊ ရေမီတာ၊ မီးမီတာ၊ အဲယားကွန်း(၂)လုံး၊ ရေပူရေအေးစက်၊ သွယ်တန်းတပ်ဆင်ထားသောပစ္စည်းအရပ်ရပ်၊ ဝင်းခြံအကာအရံတို့နှင့်တကွ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ (၂-၁-၂၀၁၃)ရက်စွဲပါ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အရ တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်အေးအေးသန့်(အဘ)ဦးကျော်လွင်(၉/မနမ(နိုင်)၁၀၆၄၅၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးနေဝင်းသန့် (LL.M) တရားလွှတ်တော်ရှေ့နေ**
**၃၅(အေ)လမ်း၊ ၆၉လမ်းနှင့် လမ်း၇၀(အေ)ကြား၊ မဟာမြိုင်(၁)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၇၇၇၇၈၈၈၆၆၊ ၀၉–၆၆၉၉၉၃၇၈၆၊ ၀၉–၂၀၃၈၇၈၆၊၀၉–၇၇၅၅၆၆၇၈၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျိုကုန်းရပ်ကွက်၊ အကွက်အမှတ်(၅၁၆-က/၃)၊ ဦးပိုင်အမှတ်(၅)၊ အရှေ့-အနောက်(၂၂)ပေ၊ တောင်-မြောက်(၄၆)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ရှိ နံကပ်တစ်ထပ် အဆောက်အအုံ (၂)လုံး၊ မီးမီတာ၊ အဝီစိရေတွင်း ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်သော ဒေါ်နိုင်(ဘ)ဦးသောင်းရွှေ(၉/တသန(နိုင်)၁၉၃၇၅၀)နှင့် ဦးကျော်သန်း(ဘ)ဦးကြည်ဝင်း(၈/ပခက(နိုင်)၁၅၂၇၄၄)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာရွက်စာတမ်းမူရင်းများဖြင့် ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးတင်ဆောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၅၇လမ်း၊ ၁၁၀လမ်းနှင့် ၁၁၁လမ်းကြား၊ အိမ်အမှတ်(၁၃)၊ ကံသာယာရပ်ကွက်၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၄၃၁၃၈၄၇၁**

## ပျောက်ဆုံးကြောင်း

မလီကျီမိန်(ဘ)ဦးလီဝင်အဲ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/ကကန(နိုင်)၀၀၃၄၆၅) ကိုင်ဆောင်သူ၏ Passport No အမှတ် မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

**မလီကျီမိန်**
**၀၉–၂၅၆၂၆၀၇၆၉**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရတနာပုံရပ်ကွက်၊ အကွက်အမှတ်(ခခ-၄၀)၊ ဦးပိုင်အမှတ်(၃+၄)၊ ဧရိယာ(၁ ဒသမ ၈၂)ဧက အကျယ်အဝန်းရှိ မြေကွက်များသည် ဒေါ်လီကျိမ်ရှန် အမည်ပေါက် ဂရန်မြေကွက်များ ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်များနှင့် မြေကွက်များပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ထားသူ ဒေါ်ဝင်းဝင်းသန်း(၉/မရမ(နိုင်)၀၉၁၂၄၇)ထံမှ ကျွန်တော် ဦးကျော်ထူးက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်များ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်တော့်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ထူး(ဘ)ဦးကျော်ရင်(၉/ပကခ(နိုင်)၀၁၅၁၈၈)**
**(ဒဒ–၄၅/၂၃)၊ (ဆ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၅၉၂၃၄၄၉၊ ၀၉–၂၀၁၉၀၃၆**

## အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးစီးကြောင်း ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ၁၀၇(A)လမ်းနှင့်၄၅(A)လမ်း၊ အောင်သာယာရပ်ကွက်၊ ဓဓ(၃၃/၃၆)နေ ဦးသက်ဟန်ထွန်း(၉/မရမ(နိုင်)၀၁၂၈၄၃)နှင့် မန္တလေးတိုင်း၊ ပုသိမ်ကြီးမြို့နယ်၊ တဲကုန်းကျေးရွာနေ ဒေါ်ခင်သီတာ(၉/မရမ(နိုင်)၀၀၅၀၆၇)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဦးသက်ဟန်ထွန်းနှင့် ဒေါ်ခင်သီတာတို့သည် တစ်ဦးနှင့်တစ်ဦး ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိကြတော့သဖြင့် (၄-၁၀-၂၀၂၅)ရက်တွင် "နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်"ကို မိမိတို့၏ လွတ်လပ်သော သဘောဆန္ဒအရ အသိသက်သေများ ရှေ့မှောက်တွင် ပြုလုပ်ချုပ်ဆိုခဲ့ကြခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဦးသက်ဟန်ထွန်းနှင့် ဒေါ်ခင်သီတာတို့သည် နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦးမည်သို့မျှ ဆက်စပ်သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ–**
**ဦးသက်ဟန်ထွန်း**
**(၉/မရမ(နိုင်)၀၁၂၈၄၃)**
**ဒေါ်ခင်သီတာ**
**(၉/မရမ(နိုင်)၀၀၅၀၆၇)**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အေးမြတ်ကလျာမောင်(LL.B)**
**(စဥ်–၁၆၅၃၆/၂၀) တရားလွှတ်တော်ရှေ့နေ**
**၅၅လမ်းနှင့် ၅၆လမ်းကြား၊ ၂၂လမ်းနှင့် ၂၃လမ်းကြား၊**
**မဟာဝေယျာဘုံ–သရက်ကုန်းရပ်ကွက်၊**
**အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**
**(၈–၁–၂၀၂၀)၊ ဖုန်း ၀၉–၉၇၅၈၈၈၇၀၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၆၅)တွင် တည်ရှိသော ဦးပိုင်အမှတ်(၃၈)အတွင်းမှ တောင်ဘက်ခြမ်း(၃၀×၄၀)ပေထဲမှ မြောက်ဘက်ခြမ်း (၁၅×၄၀)ပေအကျယ်အဝန်းရှိ စလစ်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့် မြေပေါ်ရှိ တစ်ထပ်အိမ်အဆောက်အအုံ(ရေမီးအစုံ)၊ မြေပေါ်ရှိပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဦးသန်းဇော်(၅/ဒပယ(နိုင်)၀၀၀၅၀၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဦးလှမိုး(ဥပဒေဘွဲ့) ဒေါ်ဝေဝေအောင်(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ဒ–၁၁ /၄၁+၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် လမ်း၄၀ကြား၊ မဟာမြိုင်(၂)ရပ်ကွက်၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း 09-2070007, 09-792070007, 09-43250000**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၄)၊ ဦးပိုင်အမှတ်(၃၂)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကရှိ ဒေါ်မြမြ အမည်ပေါက်ရှိသော ဂရန်မြေကွက်နှင့် ယင်းမြေကွက်အပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိက အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်ဖြိုးဝေ(အဘ)ဦးရန်မြင့်ဆင်း(၉/မကန(နိုင်)၁၅၈၄၈၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အေးအေးခိုင်**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ဆ–၇ /၈၅–က)၊ ၇၀(အေ)လမ်း၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြား(၁၀၉လမ်းမှ ဝင်ရမည်။)၊**
**မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ၀၉–၄၃၁၁၀၇၆၀**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်(မ-၃၁)၊ ဦးပိုင်အမှတ်(၁၃+၁၄)၊ မြေကွက်ပေါ်တွင် ဦးကျင်ကို နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/ကလတ(နိုင်)၀၃၈၁၇၄)က မြေ + RC(၁၁)ထပ်အဆောက်အအုံ ဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်(၈၃၃)၊ ဦးပိုင်အမှတ်(၉-ခ)၊ မြေကွက်ပေါ်တွင် ဦးဇော်လင်း(ပါ-၂) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရတ(နိုင်)၀၁၅၇၆၃)က SS (၂)ထပ်အဆောက်အအုံ ဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်(၈၃၄)၊ ဦးပိုင်အမှတ်(၄၄-က)၊ မြေကွက်ပေါ်တွင် ဒေါ်နွဲ့နွဲ့မူ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရတ(နိုင်)၀၁၇၁၆၀)က SS (၂)ထပ်အဆောက်အအုံ ဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ အကွက်(ပ-၁၀)၊ ဦးပိုင်အမှတ်(၁)၊ မြေကွက်ပေါ်တွင် ဦးအောင်ကျော်ဝင်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/ကမန(နိုင်)၀၀၁၃၆၀)က မြေ + RC(၃)ထပ်(၂၅)လုံး အဆောက်အအုံ ဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(ဝ-၈)၊ ဦးပိုင်အမှတ်(၂၅)၊ ဧရိယာ (ဝ ဒသမ ဝ၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်အေးကြည် အမည်ပေါက် ဂရန်မြေကွက်၏ မြောက်ဘက်ခြမ်း ပေ(၂၀×၆၀)အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်သော ဦးကိုကို အောင်(ဘ)ဦးသန်းအောင်(၉/မရမ(နိုင်)၀၀၁၀၂၀)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်တင်နီလာဝင်း (တရားလွှတ်တော်ရှေ့နေ)**

**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လဲ့လဲ့နွယ်**

**(တရားလွှတ်တော်ရှေ့နေများ)**

**အကွက်(ယ-၆/ ၂၊၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဝ၉-၂၀၁၉၇၀၁၊ဝ၉-၉၄၄၉၇၂၃၃၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(ဝ-၈)၊ ဦးပိုင်အမှတ်(၂၆)၊ ဧရိယာ (ဝ ဒသမ ဝ၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်အေးကြည် အမည်ပေါက် ဂရန်မြေကွက်၏ တောင်ဘက်ခြမ်း ပေ(၂၀×၆၀)အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်သော ဒေါ်နိုင်သူတင့်(ဘ)ဦးတင့်ဝေ(၉/မဟမ(နိုင်)၀၀၂၆၁၂)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်တင်နီလာဝင်း (တရားလွှတ်တော်ရှေ့နေ)**

**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လဲ့လဲ့နွယ်**

**(တရားလွှတ်တော်ရှေ့နေများ)**

**အကွက်(ယ-၆/ ၂၊၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဝ၉-၂၀၁၉၇၀၁၊ဝ၉-၉၄၄၉၇၂၃၃၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊အကွက်အမှတ်(မမ-၂၇)၊တိုက်(၁၅)၊အခန်း(၂၀၂)၊ ဒုတိယထပ်တိုက်ခန်းမှာ ဒေါ်နီနီစိန်(ဘ)ဦးကျော်လွင် အမည်ပေါက်တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် သွယ်တန်းတပ်ဆင်ထားသော (ရေ+မီး)အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် တရားဝင်နေထိုင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ဆိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ခင်သန်းနွယ်(ဘ)ဦးဘိုသိန်း(၉/မကန(နိုင်)၁၁၀၁၈၁)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်မူရင်းများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် သက်ဆိုင်ရာဌာနသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်ဝေဝေအောင်(LL.B) (တရားလွှတ်တော်ရှေ့နေ)**

**(ဖဖ-၃)၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ဝ၉-၇၉၇၄၅၁၀၁၁၊ဝ၉-၄၄၁၀၁၁၈၅၅**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အုန်းချောကျေးရွာ၊ အမှတ်(၃)ရပ်ကွက်၊ ကွင်းအမှတ်(၅၅၉/က-အုန်းချောအရှေ့)၊ ဦးပိုင်မြေကွက်အမှတ်(ဂ/၈၇)+(ဂ/၉၄)၊ စုစုပေါင်းဧရိယာ (ဝ ဒသမ ၁၁)ဧက အကျယ်ရှိ ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးချစ်ပေါ (၁၃/ရစန(နိုင်)၀၀၁၆၇၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးညွန့်ဝင်း(ဘ)ဦးအောင်သိန်းနှင့် ဦးစိုးဝင်း(ဘ)ဦးအောင်ခင်တို့က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ ပေးချေပြီး ဖြစ်ပါသည်။

မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဤမြေအရောင်းအဝယ်ကိစ္စရပ်များအပါအဝင် မြေနှင့်ပတ်သက်သည့် လျှောက်ထားဆောင်ရွက်မှုများ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးနုငယ်(LL.B)** | **ဦးရဲထက်အောင်(LL.B,DIL)** |
| **(တရားလွှတ်တော်ရှေ့နေ)** | **(တရားလွှတ်တော်ရှေ့နေ)** |
| **ရွှေစာရံကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်။** | **အမှတ်(၆)၊ အုန်းချောကျေးရွာ၊** |
| **ဖုန်း ဝ၉-၉၇၇၆၂၀၁၈၀** | **ပုသိမ်ကြီးမြို့နယ်။ ဖုန်း ဝ၉-၉၇၉၅၀၆၅၄၁** |

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက်အမှတ်(၇၀၅)၊ ဦးပိုင်အမှတ်(၁၇-မ)၊ ဧရိယာ (ဝ ဒသမ ဝ၂၁၃)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးစူမန်း(ခ)ဦးစိုးမောင်(ဘ)ဦးဘရာမာဒါတ္တား(၁/မကန(နိုင်)၀၂၂၂၈၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှဘုန်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဦးဝင်းမောင် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ် (အေ-၁)၊ ၆၇လမ်း၊ ၃၁အေလမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ဝ၉-၂၀၃၇၈၆၇၊ ဝ၉-၇၆၂၀၃၇၈၆၇၊ ဝ၉-၇၉၂၀၃၇၈၆၇၊ ဝ၉-၄၀၂၀၃၇၈၆၇**

## မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ် ၊ မောရဂီဝါရပ်ကွက်၊ အကွက်အမှတ်(၇၀၅)၊ ဦးပိုင်အမှတ်(၄၃-က)၊ ဧရိယာ(ဝ ဒသမ ဝ၃၃၇)ဧက အကျယ်အဝန်းရှိသော ဦးဝင်းမောင် အမည်ပေါက် ဂရန်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေမီတာ၊ လျှပ်စစ်မီတာ(၂)လုံး(ဆက်လက်သုံးစွဲခွင့်အပါအဝင်) သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိလက်ရောက် နေထိုင်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူများဖြစ်ကြသော (၁)ဦးလှမြင့်(ဘ)ဦးဖော်ဖော်လာမောက်(၁၂/မဂတ(နိုင်)၁၁၃၆၄၃)၊ (၂)ဦးကျော်လှိုင်(ဘ)ဦးဖော်ဖော်လာမောက်(၁၂/မဂတ(နိုင်)၁၁၃၆၄၄)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်ခင်နီနီစိုး (LL.B)**

**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**

**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။**

**ဖုန်း 02-4068839 , 09-2006029 , 09-792006029 , 09-692006029**

**ladylawyer. khinninisoe @ gmail. com**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၅၃)တွင် တည်ရှိသော ဦးပိုင်အမှတ်(၂၀)၊ ဧရိယာ ဧက(ဝ ဒသမ ဝ၅၅၁) အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဦးခိုင်လွင်(၉/ပဥလ(နိုင်)၀၅၈၆၆၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**

**ဦးလှမိုး(ဥပဒေဘွဲ့) ဒေါ်ဝေဝေအောင်(ဥပဒေဘွဲ့)**

**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**

**အမှတ်(ဒ-၁၁ /၄၁+၄၄)၊၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့်လမ်း၄၀ကြား၊မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း 09-2070007, 09-792070007, 09-43250000**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၅၆)တွင် တည်ရှိသော ဦးပိုင်အမှတ် (၅၀-စ)၊ ဧရိယာဧက(ဝ ဒသမ ဝ၅၉၄) အကျယ်အဝန်းရှိ ဘိုးဘပိုင်မြေကွက်၊မြေပေါ်ရှိ နံကပ်နှစ်ထပ်အဆောက်အအုံ(ရေမီးအစုံ)၊ မြေပေါ်မြေအောက် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဒေါ်စီရင်(၉/မရမ(နိုင်)၀၉၁၄၇၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**

**ဦးလှမိုး(ဥပဒေဘွဲ့) ဒေါ်ဝေဝေအောင်(ဥပဒေဘွဲ့)**

**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**

**အမှတ်(ဒ-၁၁ /၄၁+၄၄)၊၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့်လမ်း၄၀ကြား၊မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း 09-2070007, 09-792070007, 09-43250000**

❖ ပို့ကုန်များ တိုးမြှင့်ရရှိရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများ ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်ရန်လို...

❖ ပန်းတိုင်ရည်မှန်းချက်ပြည့်မီပြီး အထွက်နှုန်းကောင်းမွန်မှသာလျှင် ပြည်ပပို့ကုန်များလည်း တိုးတက်လာမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်ရှိ Asia World Port Terminal – AWPT ဆိပ်ကမ်းလုပ်ငန်းကဏ္ဍ စွမ်းဆောင်နိုင်မှုအခြေအနေများနှင့် ကုန်သွယ်မှုဆိုင်ရာ အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ငလျင်ဘေးသင့် လူနေအိမ်ပျက်စီးမှုများအတွက် ထောက်ပံ့ပေးသည့် ဆောက်လုပ်ရေးသုံးပစ္စည်း သံချောင်းလုံးများ မြို့ဟောင်းဘူတာသို့ရောက်ရှိလာမှုအား သွားရောက်ကြည့်ရှုစစ်ဆေး

**မန္တလေး အောက်တိုဘာ ၈**

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်း စေတီပုထိုးများ၊ သာသနိကအဆောက်အအုံများ၊ ဌာနဆိုင်ရာရုံးများ၊ အိမ်ရာများ၊ လူနေအဆောက်အအုံများ၊ လမ်းတံတားများ ထိခိုက်ပျက်စီး၊ လူသေဆုံးမှုများဖြစ်ပေါ်ခဲ့ပြီး လူနေအိမ်ပျက်စီးမှုများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ အိမ်အမျိုးအစားအလိုက် ဆောက်လုပ်ရေးသုံးပစ္စည်းများ ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

ထိုသို့ ထောက်ပံ့ပေးသည့် သံချောင်းလုံး၊ သွပ်၊ အခြားသစ်သား၊ သစ်မာ၊ ဘိလပ်မြေ ဆောက်လုပ်ရေးသုံးပစ္စည်းများအနက် သံချောင်းလုံး ၄၉၀ ဒသမ ၅၃ တန်သည် ရန်ကုန်မှ မန္တလေးမြို့ဟောင်းဘူတာသို့ မြန်မာ့မီးရထား ကုန်တွဲ ၁၅ တွဲဖြင့် ယနေ့နံနက်ပိုင်းက ဒုတိယအကြိမ် ရောက်ရှိရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အဖွဲ့က သွားရောက်ကြည့်ရှုစစ်ဆေးပြီး ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌများ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ပထမအကြိမ် စက်တင်ဘာ ၂၄ ရက်က ရောက်ရှိခဲ့သည့် 16 mm Deformed Bar အမျိုးအစား သံချောင်းလုံး ၄၈၆ ဒသမ ၈၈၆ တန်အား အောင်မြေသာစံမြို့နယ်အတွက် ၂၉၃ ဒသမ ၁၄၈ တန်၊ မဟာအောင်မြေမြို့နယ်အတွက် ၃၂ ဒသမ ၅၇၂ တန်၊ ပြည်ကြီးတံခွန်မြို့နယ်အတွက် ၃၂ ဒသမ ၅၇၂ တန်၊ ချမ်းမြသာစည်မြို့နယ်အတွက် ၃၂ ဒသမ ၅၇၂ တန်၊ အမရပူရမြို့နယ်အတွက် ၉၆ ဒသမ ၀၂၂ တန်ကိုလည်းကောင်း ယခု ဒုတိယအကြိမ်ရောက်ရှိလာသည့် 10 mm Deformed Bar, 12 mm Deformed Bar, 16 mm Deformed Bar အမျိုးအစားသံချောင်းလုံး ၄၉၀ ဒသမ ၅၃ တန်အား အမရပူရမြို့နယ်အတွက်လည်းကောင်း သက်ဆိုင်ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌများထံ လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်သူများလက်ဝယ်ရောက်ရှိစေရေး တိုင်းဒေသကြီးအစိုးရအဖွဲ့က စနစ်တကျစီမံခန့်ခွဲ၍ ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးရာတွင် အိမ်အမျိုးအစားအလိုက်၊ ပျက်စီးမှုအလိုက် (လုံးဝပျက်စီး၊ တစ်စိတ်တစ်ပိုင်းပျက်စီး) ခွဲခြားပြီး အိမ်တစ်လုံးချင်းစီအတွက် သတ်မှတ်ထားသည့် ထောက်ပံ့နှုန်းထား၏ သုံးပုံ တစ်ပုံကို ငွေသားဖြင့်လည်းကောင်း၊ ကျန်သုံးပုံ နှစ်ပုံကို အိမ်ဆောက်ပစ္စည်းများဖြင့်လည်းကောင်း ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ ငလျင်အလွန်ကာလ မန္တလေးတိုင်းဒေသကြီးအတွင်း ပြန်လည်ထူထောင်ရေးနှင့်တည်ဆောက်ရေးလုပ်ငန်းများကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ညွှန်ကြားချက်များနှင့်အညီ ပြည်သူတို့၏ ပူးပေါင်းပါဝင်မှုအားဖြင့် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀

၀-၀-၀-၀-၀






# ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(FIFA) လူမှုအကျိုးပြုလုပ်ငန်းကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ဦးဇော်ဇော်ကို ရွေးချယ်ခန့်အပ်

**ရန်ကုန် အောက်တိုဘာ ၈**

၂၀၂၅ခုနှစ်၊ အောက်တိုဘာလတွင် ကျင်းပသော ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဖီဖာကောင်စီအစည်းအဝေးတွင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် လူမှုအကျိုးပြုလုပ်ငန်းကော်မတီ (FIFA Football Social Responsibilty Committee) ဥက္ကဋ္ဌအဖြစ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်ကို ရွေးချယ်ခန့်အပ်ခဲ့ပြီး ၂၀၂၅ မှ ၂၀၂၉ခုနှစ်အထိ တာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ် AFC အကြီးတန်းဒုတိယဥက္ကဋ္ဌဖြစ်သူ ဦးဇော်ဇော်သည် အာရှဘောလုံးအဖွဲ့ချုပ်၏ လူမှုရေးရာကော်မတီ ဥက္ကဋ္ဌနှင့် AFC Dream Asia Foundation ၏ Board of Trustees တစ်ဦးအဖြစ် ၂၀၂၃ မှ ၂၀၂၇ ခုနှစ်အထိ တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် အာရှဘောလုံးအဖွဲ့ချုပ်၊ အာဆီယံဘောလုံးအဖွဲ့ချုပ်တို့က ချီးမြှင့်သော AFC Dream Asia Award (2013)၊ ASEAN Goodwill Award (2014)၊ ASEAN Goodwill Award (2017)၊ AFC Distinguished Service Award (2024) တို့ကို ချီးမြှင့်ခြင်းခံခဲ့ရသည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် လူမှုအကျိုးပြုလုပ်ငန်းကော်မတီတွင် ဒုတိယဥက္ကဋ္ဌအဖြစ် အာဂျင်တီးနား ဂန္တဝင်ကစားသမား တစ်ဦးဖြစ်သူ Javier Zanetti က ဆောင်ရွက်မည်ဖြစ်ပြီး ကော်မတီတွင် အဖွဲ့ဝင် ၂၁ ဦးဖြင့် ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(NGB)

၀-၀-၀-၀

